# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၃၁ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၃၀၂)


# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

## မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်းမြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ပေးရန် အဆိုတင်သွင်း



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

နေပြည်တော် ဇူလိုင် ၃၀

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်၏ ကွမ်းလုံမြို့နယ်အတွင်းရှိ နိမ့်တိန်ချောင်း ရေတိုက်စားမှုကြောင့် နေရာ ကိုးခု ကမ်းပြိုမှုများ ဖြစ်ပေါ်နေသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဆိုပါ နေရာ ကိုးနေရာတွင် စုစုပေါင်း အလျား ပေ ၁၂၈၀၀ တွင် နိမ့်တိန်ချောင်း ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ခန့်မှန်းကုန်ကျစရိတ်သည် ငွေကျပ် ၂၈၆၆ ဒသမ ၇ သန်းတွက်ချက်ရရှိသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ရာ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်ရန်ရှိသည့် ကမ်းပြိုကာကွယ်ရေးနှင့်ရေလွှမ်းမိုးမှု ကာကွယ်ရေးလုပ်ငန်း ၅၉ ခု ဦးစားပေးစာရင်းတွင် ပါရှိပြီး ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်မှစတင်၍ ခွင့်ပြုရန်ပုံငွေရရှိရေး လျာထားတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ နိုင်ငံတော်အစိုးရမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သည့် ယာဉ်များကို အရေးယူဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့လျင်မြန်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် Digital Payment System ဖြင့် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မိမိတို့ဝန်ကြီးဌာနသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကို ကနဦးရေးဆွဲရသည့်ဌာနဖြစ်ပြီး အဓိကအားဖြင့် ဥပဒေပါ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များကို စီမံခန့်ခွဲရသည့်ဌာနဖြစ်ပါကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို အရေးယူရန်ကိစ္စကို ပြည်ထဲရေးဝန်ကြီးဌာန ယာဉ်ထိန်းရဲတပ်ဖွဲ့က လုပ်ထုံးလုပ်နည်းအတိုင်း တရားရုံးသို့ တရားစွဲဆိုတင်ပြရခြင်းဖြစ်ပါကြောင်း၊ အမှုအပေါ်တွင် တရားသူကြီးက ကြားနာ၍ ဥပဒေချိုးဖောက်သူကို ပြစ်ဒဏ်အလိုက် အမိန့်ချမှတ်၍ ဒဏ်ကြေးငွေပေးဆောင်စေခြင်းသည် သက်ဆိုင်ရာ တရားရုံးများတွင်သာ ဆောင်ရွက်ရသည့် ကိစ္စဖြစ်ပါကြောင်း၊ ဒဏ်ကြေးငွေပေးဆောင်စေခြင်းကို Digital Payment System ဖြင့် ပြောင်းလဲဆောင်ရွက်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အနေဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ ဆီဆိုင်မြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နားလွယ်ရွာမှ ပန်းညင်၊ ဖိုင်ကွမ်း၊ ဖိုင်လင်းထိ ကျန်ရှိသော လမ်းပိုင်း နှစ်မိုင်အား


စာမျက်နှာ ၇ ကော်လံ ၁ ◆


**ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း**


စာ ၁၀


# ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့က ကိုဗစ်–၁၉ ရောဂါပိုး စမ်းသပ်ကိရိယာများ ထောက်ပံ့ကူညီ

ရန်ကုန် ဇူလိုင် ၃၀

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) တို့၏ ငွေကြေးထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်–၁၉ ရောဂါပိုး စမ်းသပ်ကိရိယာ (test kits) များ ထောက်ပံ့ကူညီသည့် အစီအစဉ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြုလုပ်သည်။

ယင်းအစီအစဉ်ကို UNHCR ၊ WFP ၊ UNICEF တို့၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါထောက်ပံ့ကူညီသည့် ပစ္စည်းများတင်ဆောင်လာသော အထူးကုန်တင်လေယာဉ်သည် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် ကာတာနိုင်ငံမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာရာ (ယာပုံ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊


စာမျက်နှာ ၇ ကော်လံ ၄ ■







# ကိုဗစ်-၁၉ နှင့် ရုပ်ရှင်၊ ရုပ်သံ

၁၉၂၀ ပြည့်နှစ်တွင် စတင်ပေါ်ထွက်လာသည့် မြန်မာ့ရုပ်ရှင်သည် ယခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီ။ ကြုံတောင့်ကြုံခဲ မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲ ဆင်နွဲရမည့် အခါသမယတွင်မှ ကမ္ဘာနှင့်ချီသည့် ကပ်ရောဂါကျရောက်မှုနှင့် တိုက်ဆိုင်နေသည်။ ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံး တုံ့ဆိုင်းရပ်တန့်သွားကြရသည့်အထဲတွင် ရုပ်ရှင်လုပ်ငန်းများလည်း ပါဝင်ရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ကွင်းဆက်တစ်ခုလုံးသည်လည်း ရပ်ဆိုင်းသွားရသည့်အပြင် မည်သည့်အချိန်တွင် ပြန်လည်စတင်နိုင်မလဲဆိုသည့် မေးခွန်းအတွက်လည်း အဖြေပေးရန် ခက်ဦးမည့်အခြေအနေသာဖြစ်သည်။

ရုပ်ရှင်သည် လူထုပရိသတ်အပေါ် ဩဇာသက်ရောက်မှု ဖြစ်ပေါ်စေနိုင်သည့် အနုထည်စွမ်းအား (Soft Power)တစ်ခုဖြစ်သလို တစ်ဖက်တွင်လည်း ကြီးမားသည့် စီးပွားရေး လုပ်ငန်းမျိုးဖြစ်သည်။ ရုပ်ရှင်ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ပြသခြင်းလုပ်ငန်းစဉ် အဆင့်တိုင်းတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် သရုပ်ဆောင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ အလုပ်သမားများ အများအပြား ရှိနေသလို ၎င်းတို့ကို အမှီသဟဲပြုနေကြရသည့် မိသားစုဝင် အများအပြားလည်း ရှိကြသည်။ ရုပ်ရှင်လုပ်ငန်း ကောင်းလျှင်ကောင်းသလို ၎င်းတို့၏ ဘဝရပ်တည်မှု သာယာစိုပြည်ကြပြီး မကောင်းလျှင်လည်း မကောင်းသလို ခြောက်သွေ့နွမ်းနယ်ကြရသည်။ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ထိန်းချုပ်မှုကြောင့် ရပ်နားထားကြရသည့် ကာလအတန်ကြာလာသည်နှင့်အမျှ ရုပ်ရှင်လောကသားတို့ သူ့အတိုင်းအတာနှင့်သူဆိုသလို ထိခိုက်ခံစားကြရသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးကာလတွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဇူလိုင် ၂၈ ရက်က Video Conferencing တစ်ရပ်ပြုလုပ်ရာတွင် "ယခုအချိန်သည် ပေါ့ဆ၍ရသည့်အချိန်မဟုတ်သေးသည့်အတွက် ဆက်လက်၍ သတိနှင့်နေထိုင်ရမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းကိုလည်း အခြားလုပ်ငန်းများနည်းတူ အမြန်ပြန်လည် လည်ပတ်စေလိုပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများကို အမြန်ပြန်လည် လည်ပတ်စေလိုသော်လည်း တစ်ဖက်တွင် ကျန်းမာရေးအတွက် စဉ်းစားစရာများ ရှိပါကြောင်း" စသည်ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ အဆိုပါ Video Conferencing တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့၏ ဆွေးနွေးပြောကြားချက်များတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်လည် လည်ပတ်လိုမှုအပေါ် စေတနာနှင့်အတူ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့နိုင်မည့် အခြေအနေအပေါ်တွင် စိုးရိမ်မှုတို့ကိုလည်း တွေ့မြင်နိုင်ကြသည်။

လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် အကန့်အသတ်အတားအဆီးများကို ဖြေလျှော့ပေး၍ မဖြစ်နိုင်သေး။ ဘုရားကျောင်းကန် သွားရောက်မှုများ၊ ဝတ်ပြုကိုးကွယ်မှုများ၊ ဘာသာရေးအခမ်းအနားကျင်းပမှုများ ပုံမှန်ပြန်မရသေးသလို အခြေခံပညာကျောင်းများကိုလည်း အပြည့်အဝ ပြန်လည်မဖွင့်လှစ်နိုင်သေး။ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇနှင့် သဘာဝကလည်း ပြောင်းလဲနေသလို အသိရခက်နေသေးသည်။ မိမိတို့နိုင်ငံတွင် ရောဂါပိုးတွေ့လူနာ ရာဂဏန်းအနည်းငယ်မျှသာ တွေ့နေရခြင်းက ရှေ့မှာကာကွယ်ထိန်းချုပ်မှုများ ကြိုကြိုတင်တင်ပြုလုပ်ခဲ့ကြသောကြောင့်သာဖြစ်သည်။ ရောဂါပိုးကိုလျှော့တွက်ကာ ရောဂါကာကွယ်ထိန်းချုပ်ရေးကို အလေးမထားခဲ့သည့် နိုင်ငံများမှာ အထိနာနေကြသည်။ နည်းပညာအင်အား၊ ငွေအင်အား နည်းသည့် နိုင်ငံငယ်တစ်နိုင်ငံအဖို့ ကိုဗစ်-၁၉ ကပ်ဆိုက်ခံရပါက အခြေအနေ ပိုဆိုးမည်။ မဖြစ်ခင်ကာကွယ်ခြင်းက ဖြစ်ပြီးမှ ကုသခြင်းထက်များစွာ ပိုကောင်းသည်။

ရုပ်ရှင်ဇာတ်လမ်းများ ရိုက်ကူးထုတ်လုပ်ပြသရာတွင် ကြည့်ရှုမည့် ပရိသတ်ရှုထောင့်မှ ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်မည်ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကြည့်ရှုသူ ပရိသတ်များပါမှ စီးပွားရေးအရ အောင်မြင်နိုင်မည်။ ကိုဗစ်ရောဂါဖြစ်ပွားနေဆဲကာလအတွင်း ရုပ်ရှင်ရုံထဲမှာ ၂ နာရီခန့် အချိန်ပေးကြည့်ရှုလိုမည့် ပရိသတ် နည်းပါးနိုင်သကဲ့သို့ ကိုဗစ်-၁၉ ကာကွယ်ရေးအစီအမံများအောက်တွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရုပ်ရှင်ကြည့်ရှုရန်မှာလည်း ရုပ်ရှင်ခံစားမှုရသတို့ မရနိုင်ဘဲ ဓားသွားပေါ်က ပျားရည်စက်ကို လျက်ရသည့်နှယ်သာဖြစ်မည်။ ရုံတွင် ကြည့်ရသည့် ရုပ်ရှင်ထက် အိမ်မှာကြည့်ရသည့် ရုပ်သံဇာတ်လမ်း၊ ဇာတ်လမ်းတွဲတို့ကသာ လောလောဆယ် ကိုဗစ်-၁၉ ကာလနှင့် ကိုက်ညီမည်ဟု ယူဆမိပါကြောင်း။ ။

## မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဆောင်းပါးပြိုင်ပွဲကို "မြန်မာ့ရုပ်ရှင်ရာပြည့်" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

ပြိုင်ပွဲကို မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ရည်ရွယ်ချက်များဖြစ်သည့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏နှစ်(၁၀၀)ခရီးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်၊ ခေတ်အဆက်ဆက် ထင်ရှားခဲ့သည့် မြန်မာ့ရုပ်ရှင်ပညာရှင်ကြီးများ၏ အနုပညာနှင့်အတတ်ပညာစွမ်းပကားကို ရုပ်ရှင်လောကသားများအားကျအတုယူ၍ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရန်၊ ရုပ်ရှင်လောကသားများ၏ ညီညွတ်မှုစွမ်းအား၊ အနုပညာဖန်တီးမှုစွမ်းအားများဖြင့် နိုင်ငံနှင့်ပြည်သူအကျိုးကို တိုးမြှင့်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များနှင့်အညီ ဖော်ထုတ်၍ ရေးသားပေးပို့ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) တစ်ဦးလျှင် ဆောင်းပါးတစ်ပုဒ်သာ ပေးပို့ရမည်။ ကလောင်ခွဲများဖြင့် ပေးပို့ခြင်းမပြုရ။

(ဂ) ပြိုင်ပွဲဝင်စာမူအား ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ လက်ရှိရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံနှင့်အတူ စာမူသည် ကိုယ်တိုင်ရေးသည့်စာမူဖြစ်ကြောင်းနှင့် မည်သည့်စာနယ်ဇင်း၊ မီဒီယာ၊ စာအုပ်စာတမ်းတွင်မျှ ဖော်ပြခြင်းမပြုရသေးသော စာမူဖြစ်ကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။

(ဃ) ပြိုင်ပွဲဝင်စာမူအား A-4 စာရွက်ဖြင့် စာမျက်နှာ (၅)မျက်နှာမှ (၆)မျက်နှာအထိ ကွန်ပျူတာစာစီ၍ ပေးပို့ရမည်။

(င) စာမူတွင် ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ အခြားရုပ်ပုံများပါရှိပါက မူပိုင်ခွင့်နှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံချက်ဖော်ပြပါရှိရမည်။

(စ) ပြိုင်ပွဲဝင်စာမူနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြဿနာဖြစ်ပေါ်ပါက ဆောင်းပါးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ၏ အဆုံးအဖြတ်သာလျှင် အတည်ဖြစ်ကြောင်း သဘောတူညီရမည်။

(ဆ) ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ချီးမြှင့်သွားပါမည်။

(ဇ) ပြိုင်ပွဲဝင်စာမူများကို မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပရေး၊ ပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီအတွင်းရေးမှူး ဦးအေးကြူလေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် e-mail ဖြင့် ပေးပို့လိုပါက myanmar100film@gmail.com သို့ ၁၅-၉-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

**ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ**

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "ရာပြည့်တက္ကသိုလ်မြကျွန်းညို" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက်ပြုပြင်ပြောင်းလဲခဲ့မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အဦများ၊ ရန်ကုန်တက္ကသိုလ် နှစ်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များ စသည့်ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။

(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ x ၁၅ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆု သုံးသိန်းငါးသောင်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၊ ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လူထုအကျိုးပြု မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

ကမ္ဘာမြေကြီး စိမ်းလန်းသာယာလှပစေရန်နှင့် သန့်ရှင်းသောသဘာဝလေကောင်းလေသန့်များ ရရှိစေရန် ရည်ရွယ်ပြီး FNI( First National Insurance) မှ မိုးရာသီသစ်ပင်စိုက်ပျိုး ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ ဘန့်ဘွေးကုန်း ရေလှောင်တမံကြီးဝိုင်းတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။ (အောက်ပုံ)



အဆိုပါသစ်ပင်စိုက်ပျိုးပွဲနှင့်အတူ FNI ရုံးခွဲများတည်ရှိရာ မန္တလေးမြို့ စိမ့်စမ်းရေပရဟိတဘုရားဝင်း၊ မုံရွာမြို့ ကံသာဘုန်းကြီးကျောင်းဝင်း၊ မြစ်ကြီးနားမြို့ ဗလမင်းဒင်တံတားလမ်းမကြီး၊ ကလေးမြို့ ကလေး-လေးဝ-တမူးလမ်း၊ ရှစ်မျက်နှာဘုရားအနီး၊ တောင်ကြီးမြို့ရွှေဘုန်းပွင့်ဘုရားအနီး၊ တောင်ငူမြို့ တောင်ငူကျုံးပတ်လည်၊နေပြည်တော် မြို့ရှောင်လမ်း၊ မော်လမြိုင်မြို့ တောင်ပေါ်သာသနာ့နွယ်ဖောင်ဒေးရှင်း၊ ပြည်မြို့ သောကြာမာ ဘောလုံးကွင်းဧရိယာ၊ မကွေးမြို့ မကွေးကမ်းနားလမ်း၊ ပုသိမ်မြို့ လေးကျွန်း ရန်အောင်ဖောင်တော်ဦးစေတီဝင်းနှင့် မြိတ်မြို့ ရွှေတိဂုံပုံတူစေတီတော်ဘုရားပရိဝုဏ် အစရှိသည့် နေရာဒေသအသီးသီးတွင်လည်း အရိပ်ရသစ်ပင်များစိုက်ပျိုးခဲ့ကြောင်း သိရသည်။

FNI အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို နှစ်စဉ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် အရိပ်ရအပင်ကြီးအမျိုးအစားပေါင်း ၈၄၁ မျိုး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မိုးမခ၊ ဓာတ်ပုံ- မင်းထက်**

# အာဇာနည်စိတ်မျိုး မွေးမြူအပ်

မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင် စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာအား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ မြန်မာ- ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး စီးပွားရေးသံမှူးတို့ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများကိစ္စ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၃၀

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ (IDP) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူး Mr.Tan Shufu တို့သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးသည်။ (ဓာတ်ပုံ)



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးတွင် တရုတ်နိုင်ငံ၏ အကူအညီပေးမှုအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ အကူအညီပေးအပ်ရာတွင် မိမိတို့က ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကူအညီပေးရေးအတွက် ဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်းအဖွဲ့ လာရောက်ရာတွင် မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူးက တရုတ်နိုင်ငံအနေဖြင့် အိမ်ရာများ ပြန်လည်နေရာချထားခြင်းကို အလေးထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးအတွက် အကူအညီအဖြစ် ယွမ် သန်း ၂၀၀ ပေးအပ်မည်ဖြစ်ပါကြောင်း၊ ကျေးရွာများ ပြန်လည်နေရာချထားရာတွင် လတ်တလော အသုံးပြုနိုင်ရန် ယွမ် ၄ သန်း ကြိုတင်လွှဲပြောင်းပေးရန် စီစဉ်ထားပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက လုပ်ငန်းဆောင်ရွက်မည့် စီမံချက်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ အားကစားပစ္စည်းများ လှူဒါန်းပေးအပ်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုး



နေပြည်တော် ဇူလိုင် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ အားကစားပစ္စည်းများ လှူဒါန်းပေးအပ်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

အစည်းအဝေးသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူး Tan Shufu (Economic & Commercial Coun-sellor)တို့ တက်ရောက် လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုးပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ အားကစားကွင်း/အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်းရန်ပစ္စည်းများမှာ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲသုံး တစ်ယောက်လှော်၊ နှစ်ယောက်လှော်၊ လေးယောက်လှော်၊ ရှစ်ယောက်လှော်လှေ၊ လှော်တက်နှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းရန် သဘောတူညီ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၃၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းမည်။ မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မိုးစပါးစိုက်ကွင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ညနေ ၄ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စက်မှုလယ်ယာစံပြစိုက်ကွင်း၌ ကျင်းပသည့် စပါးမျိုးစေ့ချ ကိရိယာ၊ တန်းကြားဖော်ကိရိယာနှင့် ဆေးဖျန်းကိရိယာများဖြင့် စမ်းသပ်အသုံးပြုစိုက်ပျိုးထားသော မိုးစပါးစိုက်ကွင်းသို့ သွားရောက်စစ်ဆေးအားပေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဲဒီကျေးရွာ တောင်သူဦးကြည်စိန်၏ စိုက်ကွင်းတွင် စက်မှုလယ်ယာဦးစီးဌာနက စမ်းသပ်ထုတ်လုပ်ထားသည့် (၁၀)တန်းသွား စပါးမျိုးစေ့ချကိရိယာဖြင့် စပါးစမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စပါးကြဲခင်းများအား လေဝင်လေထွက်ကောင်းမွန်စေရန်နှင့် ရောဂါပိုးမွှား ကင်းစင်ရေးအတွက် တန်းကြားဖော်ကိရိယာ အသုံးပြု၍ တန်းကြား ၁၀ လက်မဖြင့် စမ်းသပ်သုတေသန ပြုထားသည့် တန်းကြားဖော်ထားသော စပါးခင်းများကိုလည်းကောင်း၊ (၈)တန်းသွား (၄) တန်းသွား စပါးမျိုးစေ့ချကိရိယာများဖြင့် မြေသားအခြောက်အခြေအနေတွင် အတန်းလိုက် မျိုးစေ့ချစိုက်ပျိုးထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ရှင်းလင်းတင်ပြကြသည်။

## မူဝါဒတစ်ရပ်အဖြစ် ချမှတ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရေမြေ သဘာဝနှင့် ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သော လယ်ယာသုံး စက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးနှင့် ခေတ်မီစက်မှုလယ်ယာစနစ်ကို အချိတ်အဆက်မိမိ ကူးပြောင်းဆောင်ရွက်နိုင်ရန် အားပေးကူညီ ဆောင်ရွက်သွားမည်ဟူသော အချက်ကို မိမိတို့ဝန်ကြီးဌာန၏ စက်မှုလယ်ယာနှင့် သွင်းအားစုများဆိုင်ရာ မူဝါဒတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများလက်ဝယ်ရှိ ထွန်စက်များ၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေကြသော စက်ပိုင်တောင်သူများအနေဖြင့် မိမိတို့ဒေသအလိုက် စိုက်ပျိုးလုပ်ကိုင်နေသော ကြဲပက်စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများကို အတန်းလိုက်ဖော်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်ထားသည့် လက်တွန်းထွန်စက်နှင့် တွဲဖက်အသုံးပြုနိုင်သော (၆)တန်း တန်းကြားဖော်ကိရိယာ၊ ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုနိုင်သော (၆)တန်း တန်းကြားဖော်ကိရိယာ၊ ထွန်စက်ကြီးနှင့် တွဲဖက်အသုံးပြုနိုင်သော (၈)တန်း တန်းကြားဖော် ကိရိယာများကို အောင်မြင်စွာ ထုတ်လုပ်နိုင်ရေးနှင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထွန်စက်ကြီးများကို သံဘီးအမြင့်များ တပ်ဆင်၍ စိုက်ခင်းများအား ပိုးသတ်ဆေးဖျန်းကိရိယာကိုလည်းကောင်း၊ (၈) တန်း (၄)တန်း အခြောက်မျိုးစေ့ချ ကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

စက်မှုလယ်ယာ ဦးစီးဌာနက စမ်းသပ်ထုတ်လုပ်ထားသည့် (၁၀) တန်းသွား စပါးမျိုးစေ့ချကိရိယာသည် တစ်ဧကပြီးစီးရန် ၃၅ မိနစ်ခန့်ကြာမြင့်ပြီး မျိုးစေ့ ခုနစ်ပြည်ခန့်သာ ကုန်ကျမည်ဖြစ်သည်။ သမားရိုးကျ ကြဲပက်စိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစပါး တစ်တင်းခွဲမှ နှစ်တင်းအထိ ကုန်ကျနိုင်သဖြင့် မျိုးစေ့သုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားပစ္စည်းများ၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများနှင့် သုံးထပ်ကျောင်းဆောင်သစ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းက ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်သိမှုအစီအစဉ်မှ အခြေခံပညာအထက်တန်းကျောင်းများတွင် အသုံးပြုရန်အတွက် အားကစားပစ္စည်း၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများနှင့် သုံးထပ်ကျောင်းဆောင်သစ် လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကိုဗစ်–၁၉ ကာကွယ်ရေး သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Economic & Commercial Counsellor Mr. Tan Shufu၊ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဥက္ကဋ္ဌ Mr. Li Zilin၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

## သုံးထပ်ကျောင်းဆောင်သစ် လှူဒါန်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့အခမ်းအနားသည် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်သိမှု Corporate Social Responsibility (CSR) အစီအစဉ်မှ ပိုက်လိုင်းဖြတ်သန်းသွားသည့် ဒေသများဖြစ်သည့် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့ရှိ အခြေခံပညာအထက်တန်းကျောင်း ၂၀ ကျောင်းတို့သို့ အားကစားပစ္စည်းများ၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း တည်ဆောက်မည့် သုံးထပ်ကျောင်းဆောင်သစ် လှူဒါန်းခြင်းအခမ်းအနား ဖြစ်ပါကြောင်း။

## ထောက်ပံ့ပေးသွားမည်ဖြစ်

ပိုက်လိုင်းဖြတ်သန်းသွားသော ဒေသများတစ်လျှောက် မြို့နယ်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးတာဝန်သိမှု CSR အစီအစဉ်များကို ၂၀၁၂ ခုနှစ်မှစပြီး နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခု ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်သိမှု CSR အစီအစဉ်အရ ထောက်ပံ့ပေးမှုအပိုင်းတွင် အရေအတွက် ၁၉ မျိုးပါ အားကစားပစ္စည်း ၁၃ စုံ၊ အရေအတွက် ၁၇၂ မျိုးပါ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်း ၁၁ စုံနှင့် သုံးထပ်ကျောင်းဆောင်သစ်တစ်ဆောင် ပါဝင်မည်ဖြစ်ပါကြောင်း၊ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၆၂၉ သိန်း ကူညီထောက်ပံ့ပေးခဲ့ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ် (၂၅) အခြေခံပညာအလယ်တန်းကျောင်းတွင် သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းအတွက် ငွေကျပ်သိန်း ၄၈၇၀ ကုန်ကျမည်ဖြစ်သဖြင့် အားကစားပစ္စည်း၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများနှင့် သုံးထပ်ကျောင်း ဆောင်သစ်တစ်ဆောင်အတွက် စုစုပေါင်း ငွေကျပ်သိန်း ပေါင်း ၅၄၉၉ သိန်းကို လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ပိုက်လိုင်းဖြတ်သန်းသွားသည့် ဒေသများဖြစ်သည့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူနှင့် အမ်းမြို့နယ်တို့ရှိ အခြေခံပညာအထက်တန်းကျောင်း လေးကျောင်းအတွက် အားကစားပစ္စည်း နှစ်စုံနှင့် သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းနှစ်စုံတို့ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ချောက်၊ ငဖဲ၊ ပွင့်ဖြူ၊ ရေနံချောင်း၊ မင်းဘူးမြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်းအတွက် အားကစားပစ္စည်း လေးစုံနှင့် သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းနှစ်စုံတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ ပုသိမ်ကြီး၊ ကျောက်ပန်းတောင်း၊ အမရပူရ၊ စဉ့်ကိုင်မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်းအတွက် အားကစားပစ္စည်း သုံးစုံနှင့် သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းသုံးစုံတို့ကို လည်းကောင်း၊ ရှမ်းပြည်နယ် နောင်ချို၊ နမ့်ခမ်း၊ ကျောက်မဲ၊ မန်တုံ၊ နမ္မတူမြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းအတွက် အားကစားပစ္စည်း လေးစုံနှင့် သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်း လေးစုံတို့ကိုလည်းကောင်း၊ စုစုပေါင်း အခြေခံပညာအထက်တန်းကျောင်း ၂၀ တို့တွင် ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၂၅) အခြေခံပညာအလယ်တန်းကျောင်းတွင် ဆောက်လုပ်လှူဒါန်းထားသော သုံးထပ်ကျောင်းဆောင်သည် အလျား ပေ ၂၁၀ x အနံ ပေ ၃၀x အမြင့် ၃၆ ပေ သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး ပေ(၃၀x ၂၄ x ၁၂) ကျယ်ဝန်းသော စာသင်ခန်း ၁၈ ခန်း ပါဝင်ပါကြောင်း၊ စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား ၅၀ ဖြင့် သက်သောင့်သက်သာ စာသင်နိုင်ပြီး ပရိဘောဂများအနေဖြင့် ကျောင်းသားကျောင်းသူများအတွက် စားပွဲနှင့် ထိုင်ခုံ ၂၇၀ ၊ ဆရာ ဆရာမများအတွက် စားပွဲနှင့် ကုလားထိုင် ၁၈ စုံ၊ Blackboard ၁၈ စုံ ပါဝင်ပါကြောင်း။

ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတစ်လျှောက်ရှိ ဒေသများတွင် ၂၀၁၂–၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ပညာရေးကဏ္ဍတွင် လုပ်ငန်း ၁၂၈ ခု၊ ကျန်းမာရေးကဏ္ဍတွင် လုပ်ငန်း ၄၀ ၊ လူမှုရေးကဏ္ဍတွင် လုပ်ငန်း ၁၁၇ ခု၊ စုစုပေါင်း လုပ်ငန်း ၂၈၅ ခုအတွက် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၄ သန်းခန့်ကို လှူဒါန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုလာမည့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်လည်း တိုင်းဒေသကြီး/ပြည်နယ်များတွင် လူမှုရေးတာဝန်သိမှု CSR လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

## Video Clip ဖြင့် ပြသ

ထို့နောက် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက် ဆောင်ရွက်ခဲ့သော လူမှုရေးတာဝန်သိမှု အစီအစဉ်များကို Video Clip ဖြင့် ပြသသည်။

## လွှဲပြောင်းပေးအပ်

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်လှူဒါန်းခြင်း အမှတ်တရဂုဏ်ပြုပန်းချီကားကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ Economic & Commercial Counsellor Mr. Tan Shufu က ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်ထံသို့ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဥက္ကဋ္ဌ Mr. Li Zilin က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလင်းမြင့်ထံသို့ အားကစားပစ္စည်းများကိုလည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အားကစားပစ္စည်း၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများနှင့် သုံးထပ်ကျောင်းဆောင်သစ် လှူဒါန်းခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး လှူဒါန်းထားသော အားကစားပစ္စည်းများနှင့် သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့ပြီး အသက်(၈၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများထံ လူမှုရေးပင်စင်ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက မင်းကင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာများ၊ ဆန်ရိက္ခာဖိုးငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ၊ ကယ်ဆယ်ရေးစက်လှေ၊ အသက်ကယ်အင်္ကျီများ သွားရောက် ထောက်ပံ့ပြီး အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများထံ လူမှုရေးပင်စင်ငွေများ ပေးအပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းကင်းမြို့ ယွန်းဘုန်းကြီးကျောင်းသို့ ရောက်ရှိကာ ဓမ္မကာရီကျောင်းဆောင်၌ ကျောင်းတိုက် ဘုန်းတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ဝင်းအတွင်း သဘာဝဘေးကြောင့် ယာယီလာရောက်ခိုလှုံရသည့် ဘေးသင့်ပြည်သူများ အသုံးပြုနိုင်ရေး သန့်စင်ခန်း သုံးခန်းတွဲ နှစ်လုံး ဆောက်လုပ်ရန်အတွက် ငွေကျပ် ၄၂ သိန်းကို လှူဒါန်းသည်။

ဆက်လက်၍ အဆိုပါကျောင်းဆောင်ရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ရေဘေးသင့်ပြည်သူများအား အားပေးပံ့ပိုးခြင်းနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ခြင်းများလာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ထောက်ပံ့ငွေများသည် ပြည်သူများ၏ အခွန်အခများမှ ရရှိသည့် ပြည်သူ့ဘဏ္ဍာငွေများဖြစ်၍ မိမိတို့တာဝန်ယူ သုံးစွဲခွင့်ရရှိသည့် ငွေများကို ပြည်သူများအကျိုးရှိစေမည့် လုပ်ငန်းများတွင် အလေ့အလွင့်မရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ရသည့် ပြည်သူများ တိုက်ရိုက်အကျိုးရှိစေမည့် လုပ်ငန်းစီမံချက်များကို တိုးချဲ့ဖော်ထုတ်ခဲ့ရာ အကောင်အထည်ဖော်ရမည့် လုပ်ငန်းပမာဏများပြားလာသည့်အလျောက် ပြည်သူ့အတွက် ဘတ်ဂျက်များပိုမိုရရှိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလော ဘေးဒုက္ခများ လျော့နည်းသက်သာအောင် ဆောင်ရွက်ပေးနေသကဲ့သို့ ရေရှည်အကျိုးမျှော်မှန်း၍လည်း ဆောင်ရွက်ရပါကြောင်း၊ ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မင်းကင်းမြို့ရေဘေးသင့်ပြည်သူ ၁၈၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၈၈၅၀၀၀၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ထောက်ပံ့ပေးအပ်ပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ငွေကျပ် ၄၂ သိန်း တန်ဖိုးရှိ စက်လှေတစ်စင်းနှင့် အသက်ကယ် အင်္ကျီများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာနက လစဉ်ထောက်ပံ့လျက်ရှိသည့် အသက်(၈၅) နှစ်နှင့်အထက် ဘိုးဘွား ၃၄၅ ဦးအတွက် လူမှုရေးပင်စင် စုစုပေါင်းထောက်ပံ့ ငွေကျပ် ၁၀၃၅၀၀၀၀ ကို ဘိုးဘွားများထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းကင်းမြို့၌ ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသော ရွှေပြည်တန်ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားရိပ်သာ ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော သက်ကြီးဘိုးဘွားများအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်းစဉ်များ၊ ဘိုးဘွားရိပ်သာများ၊ ဂေဟာများနှင့် သင်တန်းကျောင်းများကို သတ်မှတ်ချက်စံနှုန်းများနှင့်အညီ ကူညီထောက်ပံ့ပေးသည့် လုပ်ငန်းစဉ်များ၊ မကြာမီဖွင့်လှစ်မည့် မင်းကင်းမြို့ ရွှေပြည်တန်ဘိုးဘွားရိပ်သာအတွက် ပံ့ပိုးကူညီနိုင်မည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ဘိုးဘွားရိပ်သာ ရန်ပုံငွေအတွက် လတ်တလော ထောက်ပံ့ငွေကျပ် ငါးသိန်းကို တာဝန်ရှိသူများထံ ပေးအပ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Alexander C. Feldman နှင့် Senior Vice President and Regional Managing Director Ambassador Michael W. Michalak နှင့်အဖွဲ့အား ယမန်နေ့ ညနေ ၆ နာရီက နေပြည်တော်၌ Video Conferencing ဖြင့် လက်ခံတွေ့ဆုံသည်။

**ယာယီရပ်ဆိုင်းထား**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီးပွားရေးလုပ်ဆောင်ချက်များ ပြန်လည်ကောင်းမွန်၍ နိုင်ငံ၏စီးပွားရေးကို တွန်းအားပေးနိုင်ရန်အတွက် ဗဟိုဘဏ် အတိုးနှုန်းအား ၁၀ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသို့ စုစုပေါင်း ၃၀၀ အခြေခံအမှတ်အထိ လျှော့ချပေးခဲ့ပါကြောင်း၊ ထို့ပြင် ပြည်တွင်းငွေရေးကြေးရေး ဈေးကွက်အတွင်း ငွေဖြစ်လွယ်မှုကို အထောက်အကူပြုစေရန်အတွက် ဘဏ်များမှ အနည်းဆုံးထားရှိရမည့် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက် အချိုးအား ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချထားရှိရန် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်အထိ ခွင့်ပြုပေးထားပါကြောင်း၊ ပြည်တွင်းဘဏ်စနစ်အတွင်း ငွေဖြစ်လွယ်မှု လုံလောက်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြုလုပ်နေသည့် အပ်ငွေလေလံ ခေါ်ယူခြင်းကို ယာယီရပ်ဆိုင်းထားပါကြောင်း။



**လုပ်ကိုင်ခွင့်ပြုထား**

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၃ ခုကို မိုဘိုင်းဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားပါကြောင်း၊ မိုဘိုင်းကွန်ရက်ဆောင်ရွက်သူ (Mobile Network Operator-MNO) နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း (Non-bank Financial Institution-NBFI) များကို မိုဘိုင်းနည်းပညာအသုံးပြု၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားပါကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုမှုတွင်ကျယ်လာသည့် ငွေပေးချေမှု နည်းလမ်းတစ်ခုဖြစ်သည့် QR Code Payment ကို အသုံးပြုနိုင်ရန်အတွက် National Standard for QR Code ဖြစ်သည့် MMQR ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေး (Myanmar's Digital Economy) အရှိန်မြှင့်တင်ရေးနှင့် Cashless Payment Systems တိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်လာကြသူများက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်နှင့် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဘက်မှ Bower Group Asia ၊ Chevron ၊ Chubb ၊ Visa နှင့် US ICT Council Myanmar အပါအဝင် အမေရိကန် ထိပ်တန်းကုမ္ပဏီများမှ ဒေသဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ၏ ယာဉ်စစ်ဆေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အများပြည်သူသို့ အသိပေး

**ရန်ကုန် ဇူလိုင် ၃၀**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရုံးဝင်းအတွင်း မြေဖို့၊ မြေညှိခြင်း၊ အပေါ်လွှာ ဂဝံမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် မော်တော်ယာဉ်များဝင်ရောက်ပါက ဗွက်နစ်ခြင်း၊ ဘီးချော်ခြင်းများဖြစ်ပေါ်၍ လုပ်ငန်းလာရောက် ဆောင်ရွက်သူပြည်သူများ အခက်အခဲကြုံနိုင်သောကြောင့် ၂၀၂၀ ပြည့်နှစ် ဇွန် ၈ ရက်မှစ၍ သက်တမ်းတိုးယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) သို့ ဦးစွာသွားရောက်ယာဉ်စစ်ဆေးရပြီး သက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများကိုသာ ခရိုင်ရုံး (ရန်ကုန် အရှေ့ပိုင်း) တွင် လက်ခံဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရုံးဝင်းအတွင်း မြေဖို့၊ မြေညှိခြင်း၊ အပေါ်လွှာဂဝံမြေခင်းခြင်းလုပ်ငန်းများ အားလုံးဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ယာဉ်စစ်ဆေးရန် ရွာသာကြီးရုံးသို့ ဦးစွာသွားရောက်ရန်မလိုအပ်တော့ဘဲ မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက်မှစတင်၍ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) တွင်သာ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



သုံးခွမြို့နယ် ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ဆင့်ဆင့်နိုင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲစခန်းများရှိ တပ်ဖွဲ့ဝင်များ၏ သားသမီး ၂၈ ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေ စုစုပေါင်း ၂၈၀၀၀၀ ကို ဇူလိုင် ၂၈ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ထောက်ပံ့ပေးအပ်စဉ်။ ဝ၃၂

# မြန်မာ့ သဘာဝရော်ဘာကဏ္ဍ၏ အရှေ့ဦးနေ့သစ်ကမ္ဘာ

မောင်မောင်(CTQM)

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ရာသီအလိုက်စိုက်ပျိုးသော ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်များအပြင် နှစ်ရှည်သီးပင်၊ စားပင်များကိုလည်း ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ အလားတူ စိုက်ပျိုးရေးကို အခြေပြုသည့် ကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်၍ နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိသည်။**

စိုက်ပျိုးရေးထွက်ကုန်များအနက် နှစ်ရှည်ပင် အမျိုးအစားဖြစ်သော ရော်ဘာပင်မှရရှိသည့် သဘာဝရော်ဘာထုတ်လုပ်မှုကဏ္ဍသည် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသော ကဏ္ဍတစ်ရပ်ပင်ဖြစ်ပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရော်ဘာစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးမှုများရှိသည်။

**မြန်မာနိုင်ငံထွက် သဘာဝရော်ဘာ**

မြန်မာ့သဘာဝရော်ဘာသည် နှစ်ရှည်ပင်အမျိုးအစားဖြစ်သော ရော်ဘာပင်မှ ခြစ်ယူရရှိသော ရော်ဘာစေးများကို ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ဖြင့် ထုတ်လုပ်ရာမှ ရရှိလာသော သဘာဝရော်ဘာအမျိုးအစားဖြစ်သည်။ အခြားသော ရေနံဓာတုဒြပ်ပေါင်းများမှရရှိသည့် synthetic rubber (ခေါ်) polyisoprene(IR) ရော်ဘာ အမျိုးအစားသည်လည်း ကမ္ဘာ့ရော်ဘာ ဈေးကွက်တွင် အထိုက်အလျောက် နေရာယူလျက်ရှိသည်။ သို့ရာတွင် ထုတ်လုပ်မှုလွယ်ကူ၍ အရည်အသွေးကောင်းမွန်မှုရှိသော သဘာဝရော်ဘာများ၏ အခန်းကဏ္ဍမှာလည်း တွင်ကျယ်လျက်ရှိပါသေးသည်။

မြန်မာ့ပို့ကုန် မဟာဗျူဟာတွင် ရော်ဘာကဏ္ဍသည်လည်း အဓိကပို့ကုန်တစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံတွင် သဘာဝရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမှ ရော်ဘာတန်ချိန် ၂ သိန်းဝန်းကျင်ခန့်သာ ထုတ်ယူနိုင်ခဲ့ပြီး တန်ချိန် ၈ သောင်းခန့်သာ ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားချက်တန်ချိန် ၁၇၀၀၀၀ ထက် ကျော်လွန်၍ ပြည်ပသို့ တန်ချိန် ၂ သိန်းခန့်အထိ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပေသည်။

မြန်မာ့ရော်ဘာထွက်ကုန်များသည် ကုန်ကြမ်းအမျိုးအစားများသာဖြစ်ပြီး စုစုပေါင်း ရော်ဘာတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကာ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိကြောင်း မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ မြန်မာ့သဘာဝရော်ဘာ တင်ပို့မှုအတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့မှုများပြားလျက်ရှိပြီး အခြားသောဒေသတွင်း အာဆီယံနိုင်ငံအချို့နှင့် ဥရောပဈေးကွက်သို့ အနည်းအကျဉ်းမျှသာ တင်ပို့နိုင်သည်ကိုတွေ့ရှိရပါသည်။ သို့ရာတွင် ဂျပန်နိုင်ငံမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံ၍ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်ကာ ဂျပန်နိုင်ငံသို့ ပြန်လည်တင်ပို့မှုများလည်း ရှိသည်။

**လက်ရှိမြန်မာ့ရော်ဘာအခြေအနေ**

မြန်မာ့ရော်ဘာအရည်အသွေးနှင့်ပတ်သက်၍ ယခင်က TSR (ခေါ်) Technically Specified Rubber များအဖြစ် ထုတ်လုပ်ခဲ့ရာမှ ယခုအခါတွင် နိုင်ငံတကာစံများနှင့်ကိုက်ညီသည့် MSR (ခေါ်) Myanmar Standard Rubber များဖြစ်သည့် MSR-5၊ MSR-10၊ MSR-20 တို့ကို ပြောင်းလဲသတ်မှတ်၍ ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။ MSR ရော်ဘာစံချိန်စံညွှန်းများသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီရေးဆွဲထားသော စံချိန်စံညွှန်းများဖြစ်ပါသည်။ ပြည်ပတင်ပို့မှုတွင် MSR-10၊ MSR-20 တို့ကိုတင်ပို့မှုများပြားပြီး Ribbed Smoked Sheet (ခေါ်) မှိုင်းခံရော်ဘာအမျိုးအစားများဖြစ်သည့် RSS-1၊ RSS-2၊ RSS-3၊ RSS-4၊ RSS-5 များကိုလည်း တင်ပို့မှုများပြားသည်။

ထို့အပြင် ရော်ဘာကြိတ်ဖတ်များကို အတုံးပြုလုပ်ထားသော Crumb Rubber များကိုလည်း တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် TSR ရော်ဘာများကို ၁၉၆၉ ခုနှစ် ဝန်းကျင်မှစတင်ထုတ်လုပ်ခဲ့သော်လည်း ပုဂ္ဂလိကပိုင် စက်ရုံများအဖြစ် ၁၉၉၀ ဝန်းကျင်ခန့်မှသာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ TSR ရော်ဘာများ စတင်ထုတ်လုပ်စဉ်ကပင် ၎င်းတို့၏ အရည်အသွေးစံချိန်စံညွှန်းများအတွက် ၁၉၆၅ ထုတ် မလေးရှားရော်ဘာ စံချိန်စံညွှန်းများကို အခြေခံ၍ သတ်မှတ်ရေးဆွဲခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ပြောင်းလဲတိုးတက်လာသော စံချိန်စံညွှန်းများ၊ နိုင်ငံတကာစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေရန် စံချိန်စံညွှန်းနှင့်အရည်အသွေး သတ်မှတ်ချက်ပြုပြင်ပြောင်းလဲမှုများ နည်းပါးခဲ့ပါသည်။



CTQM ရှိ MNRTQL ဓာတ်ခွဲခန်းတွင် မြန်မာ့သဘာဝရော်ဘာ အရည်အသွေးစမ်းသပ်စစ်ဆေးမှု ပြုလုပ်နေစဉ်။

**"မြန်မာ့သဘာဝရော်ဘာအရည်အသွေးများကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးပေးနိုင်ပါက နိုင်ငံတကာသို့ တင်ပို့နေသော မြန်မာ့သဘာဝရော်ဘာများကို တစ်ဖက်ဝယ်လက်နိုင်ငံများမှ အရည်အသွေးဆိုင်ရာ ယုံကြည်စိတ်ချရမှုရရှိပြီး ရောင်းသူဝယ်သူအကြား ခိုင်မာသော ဆက်ဆံရေးစနစ်တစ်ခုကို တည်ဆောက်နိုင်မည်"**

မြန်မာ့ရော်ဘာများကို ကုန်ကြမ်းများအဖြစ် ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချမှုများ ရှိခဲ့သော်လည်း နိုင်ငံတကာဈေးကွက်တွင် ဈေးနှုန်းရရှိမှုမှာ အခြားသောနိုင်ငံထွက်ရော်ဘာများနှင့် နှိုင်းယှဉ်ပါက နည်းပါးမှုများရှိနေပါသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းအရင်းမှာ မြန်မာ့ရော်ဘာအရည်အသွေး စံချိန်စံညွှန်းများ အားနည်းခြင်းအပြင် စံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်သော ရော်ဘာများ၏ အရည်အသွေးကို စမ်းသပ်စစ်ဆေးပေးနိုင်သည့် နိုင်ငံတကာအသိအမှတ်ပြုဓာတ်ခွဲခန်း(Accreditated Lab)များ လိုအပ်ခြင်း၊ စံချိန်စံညွှန်းမီ ရော်ဘာများအတွက် Certification System လိုအပ်ခြင်း စသည့်အချက်များကြောင့် ဖြစ်ပါသည်။ ထိုသို့သောအချက်များကြောင့် နိုင်ငံတကာမှဝယ်လက်များ၏ မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များအပေါ် ယုံကြည်မှုမှာ နည်းပါးလာပြီး ဈေးကွက်ဝေစုနှင့် ဈေးနှုန်းရရှိမှု နည်းပါးလာခြင်းဖြစ်သည်။

**အရည်အသွေးစမ်းသပ်ဓာတ်ခွဲခန်းတည်ထောင်**

ထို့ကြောင့် မြန်မာ့သဘာဝရော်ဘာအရည်အသွေးစမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း(Myanmar Natural Rubber Quality Testing Lab-MNRQTL)ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဂျပန်နိုင်ငံရော်ဘာထုတ်လုပ်သူများအဖွဲ့ (Japan Rubber Manufacturer Association)တို့ ပူးပေါင်း၍ စားသုံးသူရေးရာဦးစီးဌာနရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(Commodity Testing and Quality Management Center-CTQM) လှည်းကူးတွင် တည်ထောင်ခဲ့ပါသည်။

အဆိုပါဓာတ်ခွဲခန်း တည်ထောင်ရန်အတွက် ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry - METI) ၏ ကူညီမှုဖြင့် (Trade Overseas Human Resource and Industry Development Association- HIDA) မှ နည်းပညာပိုင်းဆိုင်ရာများ ထောက်ပံ့ပေးခဲ့ပြီး သင်တန်းများ လာရောက်ပို့ချပေးခဲ့ပါသည်။ MNRQTL ဓာတ်ခွဲခန်းကို မြန်မာ့သဘာဝရော်ဘာများ၏ အရည်အသွေးနှင့်ပတ်သက်၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ စစ်ဆေးချက်လက်မှတ်များ ထုတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းဓာတ်ခွဲခန်းဆိုင်ရာလုပ်ငန်းများကို စီမံခန့်ခွဲရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော MNRQTL စီမံခန့်ခွဲမှု လုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

MNRQTL ဓာတ်ခွဲခန်းအနေဖြင့် မြန်မာ့သဘာဝရော်ဘာများ၏ အရည်အသွေးကို စမ်းသပ်စစ်ဆေး၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာရော်ဘာအသင်း (International Rubber Association - IRA)၏ အသိအမှတ်ပြု ဓာတ်ခွဲခန်းဖြစ်ရန် လိုအပ်ချက်ရှိနေပါသေးသည်။ ဓာတ်ခွဲစမ်းသပ်ခြင်း(Testing) (ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်းမှလွဲ၍)နှင့် စံဖြင့် တိုက်ကြည့်စစ်ဆေးခြင်း (Calibiration) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဓာတ်ခွဲခန်းများသည် ပုံမှန်အားဖြင့်ဆိုပါက နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်(ISO-17025 Accreditation)ကို နိုင်ငံတကာအသိအမှတ်ပြု Accreditation Body များထံမှ ရယူလေ့ရှိသော်လည်း ရော်ဘာကဏ္ဍတွင် မတူကွဲပြားသော အခြေအနေများရှိနေပါသည်။

နိုင်ငံတကာအသိအမှတ်ပြု သဘာဝရော်ဘာ ဓာတ်ခွဲခန်းတစ်ခုအနေဖြင့် IRA ၏ အသိအမှတ်ပြု ဓာတ်ခွဲခန်းဖြစ်ရန် အဓိကလိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် IRA ၏ အဖွဲ့ဝင်ဖြစ်ရေးကို ဦးစွာ ဆောင်ရွက်ခဲ့ရပြီး ၎င်းတို့စေလွှတ်သည့် ကိုယ်စားလှယ်များက ဓာတ်ခွဲခန်းအခြေအနေ စစ်ဆေးမှုများကို ခံယူခဲ့ရပါသည်။ အလားတူ IRA ၏အဖွဲ့ဝင်နိုင်ငံများအပေါ် ဝင်ရောက်ဖြေဆိုစေသည့် Proficiency Testing Programme Series များကိုလည်း ဝင်ရောက်ဖြေဆိုခဲ့ပါသည်။

Proficiency Testing (PT Test) ဆိုသည်မှာ တိကျစွာတိုင်းတာရေးနည်းပညာ (Metrology)အရ နမူနာတစ်မျိုးတွင် ပါဝင်ပစ္စည်းများ တိကျစွာ ထည့်သွင်းပြီး ၎င်းတို့၏ ပမာဏကို ဓာတ်ခွဲခန်းများက ပြန်လည်စစ်ဆေး၍ ဖြေဆိုခြင်း လုပ်ငန်းစဉ်ဖြစ်ပါသည်။ အဆိုပါ PT Test များကို ရော်ဘာကဏ္ဍတွင် Round Robin Test ဟုလည်း ခေါ်ဆိုကြသည်။

**ရော်ဘာအရည်အသွေးစစ်ဆေးမှု**

သဘာဝရော်ဘာ အရည်အသွေး စစ်ဆေးမှုတွင် အဓိကအားဖြင့် အမှိုက်အမှုန်များစစ်ဆေးမှု (Dirt Content)၊ ပြာဓာတ်စစ်ဆေးမှု(Ash Content)၊ အငွေ့ပျံနိုင်သော ဒြပ်ပေါင်းပါဝင်မှု စစ်ဆေးခြင်း (Volatile Matter)၊ နိုက်ထရိုဂျင်ပါဝင်မှု (Nitrogen Content)၊ ဆွဲဆန့်မှုခံနိုင်ရည်စစ်ဆေးခြင်း(Initial Plasiticity)၊ ပြန်လည်ကျုံ့ဝင်နိုင်မှု ကိန်းညွှန်းစစ်ဆေးခြင်း (Plasiticity Retention Index) စသည်တို့ ပါဝင်ပါသည်။ သဘာဝရော်ဘာစမ်းသပ်စစ်ဆေးမှုအတွက် PT Test များကို IRA ၏ ကြီးမှူးမှုဖြင့် မလေးရှား ရော်ဘာဘုတ်အဖွဲ့(MRB) မှ တာဝန်ယူစစ်ဆေးပေးကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၇ သို့*



မွန်ပြည်နယ်ရှိ မြန်မာ့သဘာဝရော်ဘာစိုက်ခင်းနှင့် ထုတ်လုပ်နေမှုများ။


◆ *ရွှေ့ဖုံးမှ*

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာအုပ်စုအတွင်းရှိ နားလွယ်-ပန်းညင်(မိုက်ဆနှောင်း) - ဖိုင်ကွမ်း-ဖိုင်လင်း-နမ့်ကွက်-နောင်စန့် ကျေးရွာချင်းဆက်လမ်းသည် လမ်းအဆင့် သတ်မှတ်ချက် Class(A)၊ ဦးစားပေးအဆင့် (၁) လမ်းစာရင်းတွင် ပါဝင်ပြီး လက်ရှိ မြေသားလမ်း ၁ မိုင် ၇ ဖာလုံ ကျန်ရှိပါကြောင်း၊ ကျောက်ချောလမ်းခင်းခြင်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ နှစ်ပေါင်း ၉၀ ကျော် သက်တမ်းရှိသည့် ရောဝတီမြစ်ကူးတံတားဖြစ်သော စစ်ကိုင်းတံတား (အင်းဝ) အား ဆေးအသစ်သုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ Third Party များ၏ ဖွဲ့စည်းပုံ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် မည်သည့်မူဝါဒ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်နေသည်ကို သိလိုခြင်း မေးခွန်း၊ ရပ်စောက် မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုနှင့် မြင်တောင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော ပင်ဖြစ်-တောင်ချွန်လမ်း ၁၁ မိုင်ကို အမာခံ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ ကျောင်းကုန်းမြို့နယ်ရှိ စာဖြူစု- ဂနိမ်းလေးကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ မြို့သစ် မဲဆန္ဒနယ်မှ ဦးသာအောင်၏ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်ထားသော ကျေးရွာချင်းဆက်လမ်းများအား လမ်းအမျိုးအစားအလိုက် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးကြီးကြပ်ပေးရန်နှင့် ပျက်စီးသွားသောလမ်းများအား ပြုပြင်ထိန်းသိမ်းစရိတ် ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ ကျွန်းစုမြို့နယ် အညင်းကျေးရွာနှင့် ဘုရားထွက်ကျေးရွာသို့ ဆက်သွယ်ထားသည့် တံတားပေ ၁၇၀၀ အား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း က ရှင်းလင်းဖြေကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် တိုက်ရိုက်ရောင်းချခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း က ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် အချက် ၅၀ ကို တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သဘောထားမေးမြန်းပြီး လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။




ဒုတိယဝန်ကြီး
ဦးကျော်မျိုး



ကွမ်းလုံမဲဆန္ဒနယ်မှ
ဦးယန်ကျင်းကန်



ဒုတိယဝန်ကြီး
ဒေါက်တာ ကျော်လင်း



ဆီဆိုင် မဲဆန္ဒနယ်မှ
ဦးခွန်သန်းထူး

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်းက မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်းမြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုအား တင်သွင်းရာတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးရသူအားလုံး၏ ၆၅ ရာခိုင်နှုန်းသည် ဆိုင်ကယ်စီးနင်းခြင်းနှင့်သက်ဆိုင်နေပါကြောင်း၊ ယနေ့အခါတွင် မော်တော်ဆိုင်ကယ်သည် တောနှင့်မြို့များပါမကျန် မရှိမဖြစ် အိမ်သုံး၊ လုပ်ငန်းသုံးပစ္စည်းဖြစ်နေပါကြောင်း၊ ထို့ပြင် အိမ်သုံးဆိုင်ကယ်များကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဘေးတွဲနှင့် နောက်တွဲများ တီထွင်အသုံးပြုနေကြသည်ကို နေရာအနှံ့အပြားတွင် တွေ့မြင်နေရပါကြောင်း၊ ယင်းဘေးတွဲ၊ နောက်တွဲဆိုင်ကယ်များကို ခရီးသည်တင်ခြင်း၊ ကုန်ပစ္စည်းတင်ဆောင်ခြင်း၊ ကုန်ပစ္စည်းအရောင်းယာဉ်များအဖြစ် အသုံးပြုနေကြပါကြောင်း၊ အဆိုပါကိစ္စသည် ဥပဒေနှင့်မညီသည့် တီထွင်ခြင်းများဖြစ်သော်လည်း ထိထိရောက်ရောက် အရေးယူမှုမရှိသည့်အတွက် များပြားလာနေသည်ကို တွေ့ရပါကြောင်း။

## မော်တော်ဆိုင်ကယ်သာမက လေးဘီးယာဉ်များကိုလည်း လူစီးယာဉ်အဖြစ် အသုံးပြုခြင်းသည် အန္တရာယ်ရှိ

အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီနှင့် WHO ၏ စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးသူ တစ်နှစ်လျှင် လူဦးရေ ၅၀၀၀ ရှိပါက ထက်ဝက်ကျော်သည် ဆိုင်ကယ်စီးသူများဖြစ်ပါကြောင်း၊ မော်တော်ဆိုင်ကယ်သာမက လေးဘီးယာဉ်များကိုလည်း လူစီးယာဉ်အဖြစ် အသုံးပြုခြင်းသည် အန္တရာယ်ရှိကြောင်းကို သိရပါကြောင်း၊ စီးနင်းသူများသည် စည်းကမ်းမရှိခြင်း၊ ဥပဒေကို မလိုက်နာခြင်းတို့ကြောင့်ဟုဆိုသော်လည်း အသိပညာပေးရမည့် ကိစ္စ၊ အရေးယူရမည့် ကိစ္စတို့သည် အစိုးရ၏တာဝန်များ ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် တာဝန်ရှိသူများက အသိပညာပေးမှု၊ အရေးယူမှုများ ရှိနေသော်လည်း အားနည်းချက်၊ လိုအပ်ချက်များ ရှိနေသည့်အတွက် ယခုထက်ပို၍ အာရုံစိုက်ပြီး အရှိန်မြှင့်ဆောင်ရွက်ပေးသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း က အဆိုအား ထောက်ခံဆွေးနွေးသည်။

## လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

---

*စာမျက်နှာ ၆ မှ*

IRA ၏ အသိအမှတ်ပြု ဓာတ်ခွဲခန်းဖြစ်ရန် PT Test များကို လေးကြိမ်ဆက်တိုက် အောင်မြင်ရန်လိုအပ်ပြီး အဆိုပါ PT Test များကို ခြောက်လလျှင်တစ်ကြိမ် ကျင်းပလေ့ရှိကြောင်း သိရသည်။

MNRQTL ဓာတ်ခွဲခန်းအနေဖြင့် PT Test များကို 118th Series Proficiency Testing Programme မှစတင်ဝင်ရောက်ဖြေဆိုခဲ့ရာ 119th Series၊ 120th Series၊ 121sh Series၊ 122nd Series များအထိ ဖြေဆိုပြီးဖြစ်ပါသည်။ MNRQTL သည် 119th Series မှစတင်၍ PT Test များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့ပြီး ယခု နောက်ဆုံးအကြိမ် ဖြေဆိုခဲ့သော 122nd Series တွင်လည်း အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည့်အတွက် IRA ၏ အသိအမှတ်ပြု လက်မှတ်ရ ဓာတ်ခွဲခန်းတစ်ခု ဖြစ်လာတော့မည်ဖြစ်ပါသည်။ ဆက်လက်၍ IRA အသိအမှတ်ပြု ဓာတ်ခွဲခန်းအဖြစ် သတ်မှတ်ခံရပါက မြန်မာ့သဘာဝရော်ဘာ ထုတ်လုပ်မှုများကို စမ်းသပ်စစ်ဆေး၍ MNRQTL လုပ်ငန်း စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် အရည်အသွေး စံချိန်စံညွှန်းများအလိုက် (MSR-5၊ MSR-10၊ MSR-20) စသည်ဖြင့် Certification လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်သွင်းကုန်ဥပဒေအခန်း(၃) ပုဒ်မ(၄) အပိုဒ်ခွဲ(က) ပါ ပြဋ္ဌာန်းချက်အရ ပို့ကုန်သွင်းကုန် ၏ ပစ္စည်းအမျိုးအမည်နှင့် အဆင့်အတန်းများ သတ်မှတ်ရာတွင် ပြည်ပတင်ပို့သည့် မြန်မာ့သဘာဝရော်ဘာ၏ စံအရည်အသွေး သတ်မှတ်ချက်(Myanmar Standard Rubber MSR 5၊ MSR 10၊ MSR 20) အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၂/၂၀၁၇)ဖြင့် ပြည်ပတင်ပို့သည့် မြန်မာ့သဘာဝရော်ဘာ စံအရည်အသွေးသတ်မှတ်ချက် (MSR-5၊ MSR-10၊ MSR-20)များ သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

### စံချိန်စံညွှန်းညီသော ရော်ဘာပို့ကုန်များ

ထိုသို့မြန်မာ့သဘာဝရော်ဘာ အရည်အသွေးများကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများနှင့် အညီ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးပေးနိုင်ပါက နိုင်ငံတကာသို့ တင်ပို့နေသော မြန်မာ့သဘာဝ ရော်ဘာများကို တစ်ဖက်ဝယ်လက်နိုင်ငံများမှ အရည်အသွေးဆိုင်ရာ ယုံကြည်စိတ်ချရမှုရရှိပြီး ရောင်းသူဝယ်သူအကြား ခိုင်မာသော ဆက်ဆံရေးစနစ်တစ်ခုကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ အလားတူပင် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့သဘာဝရော်ဘာများ၏ ဈေးကွက်ဝေစုနှင့် ဈေးနှုန်းရရှိမှုများ ပိုမိုအားကောင်းလာမည်ဖြစ်ပြီး အရည်အသွေးဈေးကွက်သို့တင်ပို့နိုင်မှုမြင့်တက်လာမည်ဖြစ်ပေသည်။

ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် CTQM ရှိ MNRQTL ဓာတ်ခွဲခန်းသည် အနာဂတ်တွင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်၍ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် အဓိကကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိသော မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးသူများနှင့် ထုတ်လုပ်သူများအပေါ် အကျိုးပြုနိုင်တော့မည်ဖြစ်ပါသည်။ ထို့ကြောင့် အနာဂတ်တွင် နိုင်ငံတကာဈေးကွက်အတွင်း ဈေးကွက်ရှာပါးမှု ဈေးနှိမ်ခံရမှု အရိပ်ဆိုးများမှ လွတ်မြောက်ပြီး ကောင်းမွန်သော အရည်အသွေး၊ အာမခံချက်များနှင့် ထိုက်သင့်ကောင်းမွန်သောဈေးနှုန်းများ ရရှိနိုင်မည့် နေ့သစ်အရုဏ်ဦးကို စတင်နိုင်တော့မည် ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

---

■ *ရွှေ့ဖုံးမှ*

UNHCR ၊ WFP နှင့် UNICEF တို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် UNHCR ၊ WFP နှင့် UNICEF တို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၃၂၃၈၈၈ ဒသမ ၆၈ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits) ၂၀၀၀၀ ကို လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း က လက်ခံရယူသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ WFP ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephen Anderson က "ဒီနေ့ရောက်ရှိလာတဲ့ ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ ၂၀၀၀၀ အနက်မှာ WFP အနေနဲ့ ၁၀၀၀၀ ပါဝင်လှူဒါန်းတာဖြစ်သလို ကျန်တဲ့ ၁၀၀၀၀ ကတော့ UNHCR က လှူဒါန်းတာဖြစ်ပါတယ်။ အခုလို ရောက်ရှိလာဖို့အတွက် ဝယ်ယူရေးအပိုင်းကို ဆောင်ရွက်ပေးခဲ့တဲ့ UNICEF ကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေတဲ့အချိန်မှာ အခုလို ရောဂါပိုးစမ်းသပ်ကိရိယာတွေ ရောက်ရှိလာတာဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးပါတဲ့ အကူအညီဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ WFP နဲ့အတူ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံကို ဆက်လက်ထောက်ပံ့ကူညီသွားဖို့ ရှိပါတယ်" ဟု ပြောသည်။

ယနေ့ ထောက်ပံ့ကူညီမှုသည် ကုလသမဂ္ဂက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits) ၉၀၀၀၀ ကျော် ထောက်ပံ့ပေးမည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း က "ဒီ ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits) တွေဟာဆိုရင် အခုအချိန်မှာ နိုင်ငံတိုင်းက လိုအပ်နေတာဖြစ်လို့ ငွေရှိရုံနဲ့မရပါဘူး။ အခုလို UN အဖွဲ့အစည်းတွေက သက်ဆိုင်ရာကုမ္ပဏီတွေကနေမှာယူပြီး အချိန်မီရောက်ရှိအောင် ဆောင်ရွက်ပေးမှသာလျှင် ဆရာတို့နိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးနိုင်မှုကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ စစ်ဆေးမှုတွေကို ပိုမိုတိုးတက်ပြီးဆောင်ရွက်ဖို့ကြိုးစားနေတဲ့အချိန်မှာ အခုလိုလှူဒါန်းပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ကုလသမဂ္ဂ မိသားစုအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုတွင် အပြည့်အဝ ပူးပေါင်းကူညီ ရပ်တည်လျက်ရှိပြီး အရေးပေါ် လူ့အသက်ကယ်ဆယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်ကိရိယာ (test kits)များ ထောက်ပံ့မှုများအပါအဝင် ဗိုင်းရပ်စ်ပြန့်ပွားမှုကို တားဆီးရာတွင် အကူအညီဖြစ်စေမည့် အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်မှု စွမ်းရည်များ တိုးတက်လာစေရန် အတွက်လည်း အားဖြည့်ကူညီပေးလျက်ရှိကြောင်း၊ ထို့အတူ ပြည်တွင်း၌ လိုအပ်နေသည့် ကယ်ဆယ်ရေး၊ သန့်ရှင်းရေးနှင့် ဆေးဝါးအထောက်အပံ့များကို မြန်မာနိုင်ငံသို့ လွယ်ကူချောမွေ့စွာ ရောက်ရှိနိုင်စေရန်အတွက် WFP ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး အစီအစဉ်များဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း UNHCR နှင့် WFP တို့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်း - ဇော်ကြီး**

**ဓာတ်ပုံ - ဖေဇော်**

---

## လှိုင်း အသင့်အတင့် ရှိမည်

**နေပြည်တော် ဇူလိုင် ၃၀** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

အစိုးရအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံတော်၏ အကျိုးနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုကို မထိခိုက်စေရန် အလေးထား၍ လက်တွေ့ကျကျဖြင့် တရားမျှတစွာ ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ဖျက်လိုဖျက်ဆီးပြုလုပ်လိုသူများ ထောင်ချောက်ဆင်ထားသည့်အကွက်အတွင်း မဝင်ရောက်နိုင်ရန် အပြောအဆို အပြုအမူများ အထူးသတိပြုဆင်ခြင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ပြည်သူများအားလုံးအနေဖြင့် ယင်းအန္တရာယ်ကို သိရှိရှောင်ရှားနိုင်ရန်လည်း အရေးကြီးပါကြောင်းနှင့် သံတမန်များ ရှေ့တန်းမျက်နှာစာတွင် ချဉ်းကပ်စည်းရုံးမှုကို အထောက်အကူပြုစေမည့် အပြုသဘော ပြောဆိုဆောင်ရွက်မှုနှင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်


ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ် (၁၁) မှ ဒေါ်ထုမေ


ဒုတိယဝန်ကြီး
ဦးလှကျော်


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ် (၇) မှ ဦးရဲမြင့်စိုး

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ မြန်မာနိုင်ငံ၌ စိုက်ပျိုးဖြစ်ထွန်းလွယ်ပြီး နိုင်ငံတကာ၌လည်း ဈေးကွက်ရှိသော ချည်ပေါင်လျှော်ပင် (Kenaf) ကဲ့သို့ ဈေးကွက်ဝင်အပင်များအား တောင်သူများ စိုက်ပျိုးလာနိုင်စေရန် နိုင်ငံတော်အစိုးရမှ တွန်းအားပေးကူညီပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လက်ရှိတွင် ချည်ပေါင်လျှော်စိုက်ပျိုးမှုကို ထိန်းကျောင်းသည့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရှိသည့် ဌာနပိုင်ခြံများတွင် ပြည်ပမှရရှိသည့် မျိုးများကို မျိုးကောင်းမျိုးသန့်ပွား၍ မျိုးစေ့ဖြန့်ဖြူးခြင်းနှင့် နည်းပညာဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## ချည်ပေါင်လျှော်စိုက်ပျိုးခြင်း အားပေးမှုအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်ပစ္စည်းစာရင်းမှ ပယ်ဖျက်ခွင့်ပြုပေးထားပြီးဖြစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပတင်ပို့ရန် ဈေးကွက်အလားအလာရှိသည့် ကုန်ပစ္စည်းအမျိုးအမယ်အသစ်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများသို့ တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးကွက်ချိတ်ဆက်ရှာဖွေပြီး သီးနှံများ၏ Supply Chain တစ်လျှောက် လုပ်ငန်းစဉ်များတွင် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ချည်ပေါင်လျှော်စိုက်ပျိုးခြင်း အားပေးမှုအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်ပစ္စည်းစာရင်းမှ ပယ်ဖျက်ခွင့်ပြုပေးထားပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ယခင်စိုက်ပျိုးအောင်မြင်ပြီးဖြစ်သည့် ချည်ပေါင်လျှော်များကို တောင်သူများ စီးပွားဖြစ်ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နည်းပညာများ ပိုမိုဖွံ့ဖြိုးလာစေရန် အလေးထားဆောင်ရွက်ပေးခြင်းနှင့်အတူ ပြည်ပဈေးကွက် ကျယ်ပြန့်စွာရရှိရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အားပေးချိတ်ဆက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

## ဝယ်ယူထားသည့် အိမ်သုံးမီတာများ အသုတ်လိုက်ရောက်ရှိလာပြီဖြစ်သဖြင့် မီတာစမ်းသပ်ရေးဌာနတွင် စစ်ဆေးပြီးသည်နှင့်တစ်ပြိုင်နက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်လက်ခွဲဝေပေးသွားမည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ နိုင်ငံတော်အတွင်း မဟာဓာတ်အားလိုင်း သွယ်တန်းရောက်ရှိပြီးဖြစ်သည့် ကျေးရွာများတွင် ကျေးရွာအတွင်း 0.4(400) ဗို့အားလိုင်းများ သွယ်တန်းတပ်ဆင်ပြီးစီးပါက မီတာဘောက်စ်များ အမြန်ဆုံးရရှိတပ်ဆင်အသုံးပြုနိုင်ရေး မည်ကဲ့သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဝယ်ယူထားသည့် အိမ်သုံးမီတာများ အသုတ်လိုက်ရောက်ရှိလာပြီဖြစ်သဖြင့် မီတာစမ်းသပ်ရေးဌာနတွင် စစ်ဆေးပြီးသည်နှင့်တစ်ပြိုင်နက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်လက်ခွဲဝေပေးသွားမည်ဖြစ်ပါကြောင်းနှင့် အိမ်သုံးမီတာများကိုလည်း ထပ်မံဝယ်ယူရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ လျှပ်စစ်ဓာတ်အားခများ ကောက်ခံရန်အတွက် မီတာဖတ်ခြင်း၊ တွက်ချက်ခြင်း၊ တောင်းခံခြင်းစနစ်များသည် လူ၏လုပ်အားကိုသာ အသုံးပြုကောက်ခံနေရ၍ ပြဿနာများ မကြာခဏဖြစ်ပေါ်နေပါသဖြင့် ခေတ်မီအဝေးထိန်းမှတ်တမ်းတင်စနစ် (AMI စနစ်) ကို ကျယ်ပြန့်စွာအသုံးပြု၍ ကောက်ခံသွားရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက Smart Meter များကို အသုံးပြုပြီး AMI စနစ်သို့ တစ်ဆင့်ချင်း တိုးတက်ပြောင်းလဲတပ်ဆင်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်းနှင့် ယင်း Smart AMI Meter ကို နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပြီးသည့်အချိန်တွင် တစ်ဆင့်ချင်း အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့နယ်ခန်းမဆောင်သည် ယိုယွင်းပျက်စီးနေပါသဖြင့် (၁၀၈ x ၇၂) ပေ RC နှစ်ထပ်ဆောင်ကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ခန်းမတည်ဆောက်ရန် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လျာထားရေးဆွဲတင်ပြရာတွင် ပါဝင်သွားခြင်း မရှိပါကြောင်းနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ ဒေသခံပြည်သူလူထုတို့က အဆိုပြုလွှာပုံစံဖြင့် ဖြည့်သွင်းတောင်းခံတင်ပြလာပါက ပြည်နယ်ရန်ပုံငွေ သို့မဟုတ် ပြည်ထောင်စုရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ သင့်လျော်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ စစ်တောင်းမြစ်၏ အနောက်ဘက်ကမ်း ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့ရှိ ကျေးရွာများ၊ လယ်မြေများ ကမ်းပြိုပြီး စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်း မွန်ပြည်နယ် သထုံခရိုင်နှင့် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့၌ သောင်မြေကေ သောင်းချီ၍ ပေါ်ထွန်းခဲ့ရာမှ ယခု ကမ်းရင့်မြေများဖြစ်နေသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ပတ်သက်၍ တောင်သူလယ်သမားများအား လုပ်ပိုင်ခွင့်ရရှိရေး သက်ဆိုင်ရာမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဦးသက်နိုင်စိုး၏ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ကျောက်နီမော်ကျေးရွာ ကသည်းမကျွန်းတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ငါးအမှုန့်ကြိတ်စက်ရုံမှ ထွက်ရှိလာသော အနံ့ဆိုးများကြောင့် ပြည်သူများ ကျန်းမာရေးဆိုးကျိုးတိုက်ရိုက်ခံစားနေရပါသဖြင့် ၎င်းစက်ရုံကို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးကျော်သန်း၏ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် မာန်အောင်မြို့အတွင်း ဆိပ်ကမ်းတစ်လျှောက် နေထိုင်ကြသော ဒေါ်နုနုခင်နှင့် ဦးဘသန်းတို့ မိဘများပိုင်အိမ်အပါအဝင် တခြားအိမ်များအား မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၃ ခုနှစ်တွင် မြို့ဆိပ်ကမ်းသာယာရေးအတွက် ဆောင်ရွက်ရန် သိမ်းယူခဲ့သော်လည်း မူလစီမံကိန်းကို အကောင်အထည်မဖော်သဖြင့် ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်းက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) မှ ဦးဖေချစ်က ထောက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

❖ *ကျောဖုံးမှ*

မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ဗန်းမော် မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈ အုပ်စုရှိပြီး မဲရုံပေါင်း ၆၆ ရုံနှင့် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၉၀၈၆၈ ဦးခန့်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်း ကြေညာခြင်းကို ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာကပ်ထားကြေညာသွားမည်ဖြစ်ပြီး ပုံစံ (၃)၊ ပုံစံ (၄)၊ ပုံစံ (၄–က) ဖြင့် လျှောက်ထားခြင်းများကို မဲစာရင်းကြေညာပြီးနောက်ထပ် နှစ်ပတ်အထိ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိုးမောက်၌ မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

**မိုးမောက် ဇူလိုင် ၃၀**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ခါနန်ရပ်ကွက်၊ ကြေးနန်းရပ်ကွက်၊ နန့်တိန်ကျေးရွာ၊ နွယ်လန်းကျေးရွာနှင့် ပန်ချိုးဟိုင်ကျေးရွာတို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများကို ဗန်းမော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်နှင့် မြေ၊ မျိုး၊ ပိုး ခရိုင်တာဝန်ခံများသည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးပြီး မျိုးသန့်မျိုးစေ့ထုတ်တောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံရာတွင် ဗန်းမော်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက စတင်စိုက်ပျိုးသည်မှ အပင်သက်တမ်းတစ်လျှောက်လုံး မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းများနှင့် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်သွားရန်နှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံက ထောက်ခံထားသော ဓာတ်မြေသြဇာနှုန်းထားအတိုင်း အသုံးပြုရန်နှင့် ဓာတ်မြေသြဇာများကို သဘာဝမြေသြဇာနှင့် ရောစပ်၍ အချိုးကျအချိန်ကိုက် သုံးစွဲသွားရန်တို့ကို ရှင်းလင်းပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**






သစ်တောမှန်လျှင်
အသုံးဝင်
အစဉ်ထာဝရ
ထိန်းသိမ်းကြ။

# မြန်မာ့မီဒီယာအရွေ့အပေါ် သုံးသပ်ဆွေးနွေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာ့မီဒီယာအရွေ့အပေါ် သုံးသပ်ဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့မီဒီယာအရွေ့အပေါ် သုံးသပ်ဆွေးနွေးခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**အမှာစကားပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ မီဒီယာလောက၏အရွေ့ကို သတင်းမီဒီယာသမားများအနေဖြင့် မျက်ခြည်မပြတ်ရန်နှင့် မည်သို့ဦးတည်ရွေ့လျားနေသည်ကို စေ့စေ့စပ်စပ်၊ နက်နက်ရှိုင်းရှိုင်းသိရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ပြောင်းလဲနေသော နည်းပညာများနှင့်အတူ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်သကဲ့သို့ ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကိုလည်း ညှိနှိုင်းအဖြေရှာနိုင်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် e-Government နှင့် အွန်လိုင်းမီဒီယာ ခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း/ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ကြည် ကလည်းကောင်း၊ Social Media ၏ လားရာ ခေါင်းစဉ်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးသန့် ကလည်းကောင်း၊ မြန်မာ့မီဒီယာအရွေ့ - ၂၀၂၀ ခေါင်းစဉ်ဖြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ စာတည်း ဒေါ်ခင်ရတနာ က လည်းကောင်း၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည် ခေါင်းစဉ်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးအောင်အောင်ဦး ကလည်းကောင်း၊ Social Media အသုံးပြုမှုအပေါ် လေ့လာဆန်းစစ်ခြင်း ခေါင်းစဉ်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးတက်ထွန်းတိုး က လည်းကောင်း၊ ကမ္ဘာပေါ်ရှိ လူမှုမီဒီယာအသုံးပြုမှုများအပေါ် ရှုမြင်ခြင်း ခေါင်းစဉ်ဖြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ စာတည်း ဒေါ်စုရည်မွန်က လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး အကြံပြုကြသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြည့်စွက်ဆွေးနွေးစဉ်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြောင်းလဲလာသည့် မီဒီယာအခင်းအကျင်းနှင့်အညီ လိုက်ပါပြောင်းလဲရာတွင် အားလုံးနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ အသိအမြင်များ ဖလှယ်ရန် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး မြန်မာ့မီဒီယာအရွေ့အပေါ် သုံးသပ်ဆွေးနွေးခြင်း အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



ဦးခင်မောင်ကြည် (ဒုတိယညွှန်ကြားရေးမှူး)



ဦးအောင်မျိုးသန့် (ညွှန်ကြားရေးမှူး)



ဒေါ်ခင်ရတနာ (စာတည်း)



ဦးအောင်အောင်ဦး (ဦးစီးအရာရှိ)



ဦးတက်ထွန်းတိုး (လက်ထောက်ညွှန်ကြားရေးမှူး)



ဒေါ်စုရည်မွန် (စာတည်း)

# တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ်(နေပြည်တော်)တို့ရှိ တိရစ္ဆာန်အစာအတွက် အလှူငွေများပေးအပ် လှူဒါန်း



**နေပြည်တော် ဇူလိုင် ၃၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နေစဉ်ကာလအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ဖွင့်လှစ်ထားရှိသည့် တိရစ္ဆာန်ဥယျာဉ်များအား အများပြည်သူဝင်ရောက်ခွင့် ပိတ်ထားသဖြင့် တိရစ္ဆာန်အစာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲ၌ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) နှင့် ဆာဖာရီဥယျာဉ် (နေပြည်တော်) တို့ရှိ တိရစ္ဆာန်အစာအတွက် သစ်တောဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၇၂၀၀၀၀ ကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တာဝန်ခံထံ ပေးအပ်လှူဒါန်းသည်။

ထို့ပြင် သစ်တောဦးစီးဌာန ဝန်ထမ်းမိသားစုများက ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှင့် မန္တလေးမြို့ရှိ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) တို့တွင် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) နှင့် ဆာဖာရီဥယျာဉ်(နေပြည်တော်) တို့တွင် တိရစ္ဆာန်အမျိုးပေါင်း ၁၀၀ ရှိ၍ နို့တိုက်သတ္တဝါ ၅၃၆ ကောင်၊ တွားသွားသတ္တဝါ ၆၄ ကောင်နှင့် ကျေးငှက်မျိုးစုံ ၃၅၅ ကောင် စုစုပေါင်း ၉၅၅ ကောင်ကို ထိန်းသိမ်းမွေးမြူထားကြောင်း တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) မှ သိရသည်။

**ထက်လျှံ**

## တွံတေးမြို့နယ် ဇီးဖြူကုန်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**တွံတေး ဇူလိုင် ၃၀**

တွံတေးမြို့နယ်ငါးလုပ်ငန်းစခန်းမှ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို တွံတေးမြို့နယ် ဇီးဖြူကုန်းချောင်းအတွင်းတွင် ကျင်းပခဲ့ရာ တောင်ပိုင်းခရိုင်ဦးစီးမှူး ဦးအေးနိုင်၊ တွံတေးမြို့နယ်ဦးစီးမှူး ဦးတင်မောင်ထွဋ်နှင့် ဝန်ထမ်းများ၊ တွံတေးငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးရဲဝင်းသောင်းနှင့်ဝန်ထမ်းများ၊ တွံတေးငါးသိပ္ပံသင်တန်းကျောင်းမှ ဝန်ထမ်းများက ငါးမြစ်ချင်း တစ်လက်မအရွယ် ကောင်ရေ ၁၀၀၀၀၀ နှင့် ၁ ဒသမ ၅ လက်မအရွယ်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၂၀၀၀၀၀အား ယမန်နေ့ နံနက်ပိုင်းက မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနကရေးဆွဲ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ပြီး အနီးကပ်ဆုံးကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။"

၄။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော အစိုးရကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ဘဏ္ဍာရေးနှစ် သုံးနှစ်တာကာလ၏ ပထမဘဏ္ဍာရေးနှစ်မစမီ ထုတ်ပြန်ကြေညာရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်



**ပဲခူး ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများအား အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့က ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပဲခူးမြို့ ဥဿာမြို့သစ်ရှိ Hotel Mariner (2) တွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ ပဲခူးမြို့နယ် ဆရာဝန်အသင်း အတွင်းရေးမှူး ဒေါက်တာနေမျိုး၊ Bago Fever Clinic ကော်မတီဥက္ကဋ္ဌ ဦးဆန်းလွင်၊ Bago Fever Clinic မှ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီအဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က Bago Fever Clinic ဖွင့်လှစ်ခြင်းကြောင့် ဖျားနာသည့်လူနာများအတွက် များစွာအသုံးဝင်ပါကြောင်း ပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများအား အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့က ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**သန့်စင်(ပဲခူး)**


# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်းဆိုင်ရာ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိ

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ( Food and Agriculture Organi-zation of the United Nations-FAO) သည် ၅ နှစ်လျှင်တစ်ကြိမ် ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း (Global Forest Resources Assessment) ဆိုင်ရာ အချက်အလက်များ၊ အစီရင်ခံစာများ ထုတ်ပြန်လျက်ရှိပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း (Global Forest Resources Assessment 2020 -GFRA 2020) နိုင်ငံအဆင့်အစီရင်ခံစာများ၊ ဒေသအဆင့်အစီရင်ခံစာများနှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်ပင်မအစီရင်ခံစာတို့ကို ဘာသာစကား ၄ မျိုးဖြင့် FAO ၏ အင်တာနက်စာမျက်နှာမှ ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအစီရင်ခံစာတွင် နိုင်ငံပေါင်း ၂၃၆ နိုင်ငံ၏ သစ်တောသယံဇာတအခြေအနေများပါဝင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (Sustainable Development Goals-SDGs) ၏ သစ်တောကဏ္ဍဆိုင်ရာပန်းတိုင်ဖြစ်သည့် ပန်းတိုင် ၁၅ (Life on Land)နှင့် စပ်လျဉ်းသည့် အောက်ဖော်ပြပါအညွှန်းကိန်း ၅ မျိုးကို အဓိကလေ့လာ ဆန်းစစ်ထားခြင်း ဖြစ်ပါသည်-

- သစ်တောဧရိယာများ၏အသားတင်နှစ်စဉ်ပြောင်းလဲမှု၊
- သစ်တောများ၏မြေပေါ်ပိုင်းဇီဝဒြပ်ထုပမာဏ၊
- သစ်တောဧရိယာများမှ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားသည့် ဧရိယာပမာဏ၊
- သစ်တောစီမံအုပ်ချုပ်မှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ထားသည့် ဧရိယာပမာဏ၊
- သစ်တောများ စီမံအုပ်ချုပ်မှုဆိုင်ရာအစီအမံများအပေါ် ထောက်ခံချက်အတည်ပြုပြီးသည့် သစ်တောဧရိယာပမာဏ။



ကမ္ဘာ့သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ (GFRA 2020) အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံစုစုပေါင်းဧရိယာ၏ (၄၂ ဒသမ ၁၉ ရာခိုင်နှုန်း) (နိုင်ငံကုန်းမြေဧရိယာ၏ ၄၃ ဒသမ ၇၁ ရာခိုင်နှုန်း) ဖြစ်ပြီး မြန်မာနိုင်ငံသည် နှစ်စဉ်အများဆုံး ကမ္ဘာ့သစ်တောပြုန်းတီးမှုဧရိယာဖော်ပြသည့်နိုင်ငံစာရင်းတွင် အဆင့်(၇)တွင်ရှိကြောင်း ဖော်ပြပါရှိပါသည်။

၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ (FRA 2015) အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံစုစုပေါင်းဧရိယာ၏ (၄၂ ဒသမ ၉၂ ရာခိုင်နှုန်း) ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့နှစ်စဉ်သစ်တောပြုန်းတီးမှုအများဆုံး နိုင်ငံစာရင်းတွင် အဆင့်(၃)တွင် ရှိခဲ့ကြောင်း ဖော်ပြထားသည်။

**ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်းဆိုင်ရာ အစီရင်ခံစာများမှ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုဧရိယာ ပမာဏအား နှိုင်းယှဉ်လေ့လာခြင်း**

- ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့သည် ၅နှစ်လျှင်တစ်ကြိမ် **ကမ္ဘာ့**သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း (Global Forest Resources Assessment 2020 -GFRA2020) အား ထုတ်ပြန်လျက်ရှိပါသည်။ ယခင်က ဒေသအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်သာနှိုင်းယှဉ်ဖော်ပြခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင် ထုတ်ပြန်သည့် FRA2010 မှအစပြု၍ ကမ္ဘာ့နိုင်ငံများ၏ သစ်တောပြုန်းတီးမှုဧရိယာ ပမာဏ နှိုင်းယှဉ်ပြဇယား (Countries' Ranking Table)ကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ အဆိုပါအချက်အလက်များကိုစုစည်းတင်ပြအပ်ပါသည်-

**Forest Cover Status**


| Ranking | Ranking by Country(1990-2000) | Ranking by Country (2000-2010) | Ranking by Country (2010-15) | Ranking by Country (2010-2020) |
|---|---|---|---|---|
| 1 | Brazil | Brazil | Brazil | Brazil |
| 2 | Indonesia | Australia | Indonesia | Democratic Republic of the Congo |
| 3 | Sudan | Indonesia | Myanmar (42.92%) | Indonesia |
| 4 | Myanmar (51.54%) | Nigeria | Nigeria | Angola |
| 5 | Nigeria | United Republic of Tanzania | United Republic of Tanzania | United Republic of Tanzania |
| 6 | United Republic of Tanzania | Zimbabwe | Paraguay | Paraguay |
| 7 | Mexico | Democratic Republic of the Congo | Zimbabwe | Myanmar (42.19%) |
| 8 | Zimbabwe | Myanmar (46.96%) | Democratic Republic of the Congo | Cambodia |
| 9 | Democratic Republic of the Congo | Bolivia (Plurinational State of) | Argentina | Bolivia (Plurinational State of) |
| 10 | Argentina | Venezuela (Bolivarian Republic of ) | Venezuela (Bolivarian Republic of ) | Mozambique |


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၃၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပလက်ဝမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ပင်လည်ဘူးမြို့နှင့် ရွှေကူမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီ၊ ကသာမြို့နှင့် ကျိုက္ကမီမြို့တို့တွင် ၁ ဒသမ ၈၁ လက်မစီ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ သံတောင်ကြီးမြို့တွင် ၁ ဒသမ ၆၃ လက်မ၊ မြိုင်မြို့နှင့် မောင်တောမြို့တို့တွင် ၁ ဒသမ ၆၂ လက်မစီ၊ ဗန်းမော်မြို့နှင့် ဥက္ကံမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်)နှင့် ပေါင်မြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ စဉ့်ကူး(စိုက်ပျိုးရေး)နှင့် ကမမောင်းမြို့တို့တွင် ၁ ဒသမ ၃၅ လက်မစီ၊ မိုးကုတ်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ ဒသမ ၃၄ လက်မစီနှင့် ကော့သောင်းမြို့တွင် ၁ ဒသမ ၂၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**




## ရေဦးမြို့နယ်၌ လူသတ်မှုကျူးလွန်သူအား သေဒဏ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်

**ရွှေဘို ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် သရက်ကန်ကျေးရွာတွင် ညီအစ်ကိုအရင်းနှစ်ဦးကို ဓားချွန်နှင့် ထိုးသတ်သည့် တရားခံတစ်ဦးအား ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီခန့်က ရာဇသတ်ကြီး ဥပဒေပုဒ်မ- ၃၀၂/(၁)(ခ) အရ သေဒဏ်နှင့် ရာဇသတ်ကြီးဥပဒေပုဒ်မ- ၃၀၂/(၂)အရ ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် ခရိုင်တရားရုံး တရားသူကြီးက အမိန့်ချမှတ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် ညနေ ၅ နာရီခန့်က ရေဦးမြို့နယ် သရက်ကန်ကျေးရွာမှ ကိုမျိုးသန်းမှာ ဆိုင်ကယ်ဖြင့် ခရီး ထွက်လာစဉ် တရားခံ ဇော်နိုင်ဦး(ခ)မောင်ဦးက ရွာအဝင်ပေါက်လမ်းမကြီးမှ ကြို စောင့်၍ ကိုမျိုးသန်းအား အသင့်ပါလာသော ဓားချွန်နှင့်ထိုးရာ ကိုမျိုးသန်းမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားသည်။ လယ်တောမှအိမ်သို့ ပြန်လာသေ သေဆုံးသူ ကိုမျိုးသန်း၏ အစ်ကိုကြီး ဖြစ်သူ ကိုမြင့်မှာ ကိုမျိုးသန်းနှင့် ဇော်နိုင်ဦး(ခ)မောင်ဦးတို့ စကားများရန်ဖြစ်နေကြကြောင်း သိရသဖြင့် အခင်းဖြစ်နေရာသို့ အပြေးအလွှားသွားခဲ့ရာ ဇော်နိုင်ဦး(ခ)မောင်ဦးက အသင့်ပါလာသည့် ဓားဦးချွန်နှင့် ကိုမြင့်အား ထပ်မံ၍ ထိုးလိုက်ရာ ကိုမြင့်မှာလည်း နေရာတွင် ပွဲချင်းပြီး သေဆုံးသွားခဲ့သဖြင့် ဇော်နိုင်ဦး(ခ)မောင်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ရေဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆက်၊ ရေဦးမြို့မခေတ္တစခန်းမှူး ရဲအုပ်သက်ဆွေနှင့် တပ်ဖွဲ့ဝင်များသည် ဒီပဲယင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ရာ ဇော်နိုင်ဦး(ခ)မောင်ဦးအား ဒီပဲယင်းမြို့နယ်တွင် ဖမ်းဆီးရမိခဲ့သည်။

လူသတ်မှုကျူးလွန်သူ ဇော်နိုင်ဦး(ခ)မောင်ဦးအား မြို့မခေတ္တစခန်းမှူး ရဲအုပ်သက်ဆွေက တရားလိုပြုလုပ်၍ ရေဦးမြို့မရဲစခန်းမှ (ပ)၃၀/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၀၂ဖြင့် အမှုဖွင့်စစ်ဆေး အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

ပင်လည်ဘူးမြို့နယ် မံစီလေးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၈ ရက် ညနေ ၅ နာရီက ပင်လည်ဘူးမြို့နယ် ကျေးသီးကျေးရွာအုပ်စု ကျေးသီးကျေးရွာနေ မညွန့်တင်၏ နေအိမ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၆၂၄၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၈၀၀ သိမ်းဆည်းရမိသည်။

အလားတူ ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးကုတ်မြို့ ညောင်သုံးပင်ရပ်ကွက်နှင့် ရေပေါက်တစ်ရာ ရပ်ကွက်ကြားလမ်းတွင် လှမျိုးမြင့်(ခ) စူစန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လောက်ကိုင်မြို့နယ် မန့်ခါးကျေးရွာအုပ်စု ရန်လုံကျိုင်းကျေးရွာအနီးတွင် ကျန်းကိုင်းဟွေ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း။


မညွန့်တင်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် အမှတ်(၆) ရပ်ကွက် အိမ်အမှတ်(စ/၂၁၂)ရှိ လောက်စမ်းနှင့် တန်ဂွန်းတို့ နှစ်ဦး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ လောက်စမ်းကို မတွေ့ရှိဘဲ တန်ဂွန်းကိုတွေ့ရှိပြီး ၎င်းတို့နှစ်ဦး၏ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပြည်မြို့နယ် ဝက်ထီးကန်တွင် ဆိုင်ကယ် ၁၄ စီး ခိုးယူသူခြောက်ဦး ဖမ်းဆီးရမိ

**ပြည် ဇူလိုင် ၃၀**

ပြည်မြို့နယ် ဝက်ထီးကန်မြို့၌ ဇွန် ၁၆ ရက်က ဖြစ်ပွားခဲ့သော ဆိုင်ကယ်ခိုးမှုနှင့်ဆက်စပ်၍ ပြစ်မှုကျူးလွန်သူ ခြောက်ဦးနှင့် ၎င်းတို့ခိုးယူခဲ့သော ဆိုင်ကယ် ၁၄ စီးကို ဇူလိုင် ၂၈ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိကြောင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပြည်မြို့နယ် ဝက်ထီးကန်မြို့ နဝင်းလမ်းနေ ဒေါ်နွယ်နွယ်ဦးသည် ဇွန် ၁၆ ရက်က ၎င်းပိုင်ဆိုင်ကယ်ကို အိမ်ရှေ့လမ်းမ၌ သော့မဖြုတ်ဘဲ ရပ်တန့်ထားစဉ် ခိုးယူခံရ၍ ဝက်ထီးကန် ရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း၊ ယင်းတိုင်ကြားလာသောအမှုအား ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးက အထူးအမှုစစ်အဖွဲ့ဖွဲ့စည်းစစ်ဆေးဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ခိုးမှုကျူးလွန်ခဲ့ကြသူ ခင်ဇော်ဦး၊ ဇော်မင်းထွန်း၊ ဇောမိ(ခ)ဟိန်းမင်းဇော၊ ငမော့(ခ)မျိုးမင်းအောင်၊ ကိုကိုမင်း(ခ)ဖိုးနီနှင့် ကျော်ပိုင်တို့ကို ၎င်းတို့ခိုးယူထားခဲ့သော ဆိုင်ကယ် ၁၄ စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိသည်။

ယင်းအမှုကို ဝက်ထီးကန်နယ်မြေ ရဲစခန်းမှူး ရဲအုပ် အောင်ကျော်ကျော်က အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်မှုများရှိ မရှိ ဆက်လက်ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်တွင် မှုခင်းအသိပညာပေးဟောပြော

**ဝမ်းတွင်း ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာအုပ်စု ရွှေကန်ကျေးရွာဓမ္မာရုံတွင် ရွှေတောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ယဉ်ထွေးနှင့် နယ်ထိန်းခေါင်းဆောင် ကျော်စွာဟိန်းတို့သည် ဇူလိုင် ၂၉ ရက်က မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုပပျောက်စေရေး မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ရွှေကန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

◆ *ကျောဖုံးမှ*

၎င်း၏ပြိုင်ဘက် ချယ်လ်ဆီးအသင်းက အဆင့် (၄) ဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့သောကြောင့် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ကစားခွင့် ရရှိထားသည့် အသင်းဖြစ်သည်။ သို့သော်လည်း အက်ဖ်အေဖလားရရှိလျှင် ယူရိုပါလိဂ်ဝင်ခွင့် ရရှိမည်ဖြစ်၍ ထိုအခွင့်အရေးကို အာဆင်နယ်အသင်း အသုံးချသွားနိုင်မလား စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် အက်ဖ်အေဖလား၌ ယှဉ်ပြိုင်ကစားခဲ့သည့် နောက်ဆုံးငါးပွဲတွင် လိဒ်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဘုန်းမောက်ကို နှစ်ဂိုး-တစ်ဂိုး၊ ပို့စ်မောက်ကို နှစ်ဂိုး-ဂိုးမရှိ၊ ရှက်ဖီးလ်ကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးကို နှစ်ဂိုး-ဂိုးမရှိဖြင့် ငါးပွဲစလုံးအနိုင်ရရှိထားသည်။ ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလား၌ နောက်ဆုံးယှဉ်ပြိုင်ကစားသည့် ငါးပွဲတွင် နော်တင်ဟမ်ဖောရက်စ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဟူးလ်ကို နှစ်ဂိုး-တစ်ဂိုး၊ လီဗာပူးကို နှစ်ဂိုး-ဂိုးမရှိ၊ လက်စတာကို တစ်ဂိုး-ဂိုးမရှိ၊ မန်ယူကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့အပြင် အာဆင်နယ်အသင်းအနေဖြင့် အက်ဖ်အေဖလားဗိုလ်လုပွဲတစ်လျှောက်ဖြတ်သန်းမှုကိုကြည့်လျှင် အက်ဖ်အေဖလားကို တတိယအဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး အသင်းကြီးအနေဖြင့် မန်စီးတီးအသင်းတစ်သင်းကိုသာ ရင်ဆိုင်ခဲ့ရသည့်အတွက် ပွဲအနည်းငယ်ချောင်သည်ဟု ဆိုနိုင်သည်။ ချယ်လ်ဆီးအသင်းကလည်း အက်ဖ်အေဖလားပြိုင်ပွဲကို တတိယအဆင့်မှပင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး လီဗာပူး၊ လက်စတာ၊ မန်ယူစသည့် ခက်ခဲသည့်အသင်းများကို ဖြတ်ကျော်ထားနိုင်သည့်အတွက် ချယ်လ်ဆီးအသင်း၏ ခြေစွမ်းကို အသိအမှတ်ပြုရပေမည်။

အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့သည် ၂၀၀၁-၂၀၀၂ အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ဖူးပြီး ထိုစဉ်က ပါလာနှင့် ယွန်းဘတ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-ဂိုးမရှိဖြင့် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့သည်။ ထို့ပြင် ၂၀၁၆-၂၀၁၇ အက်ဖ်အေဖလားဗိုလ်လုပွဲတွင်လည်း အဆိုပါနှစ်သင်းဆုံတွေ့ထားရာ အာဆင်နယ်အသင်းကပင် ဆန်းချက်ဇ်၊ ရမ်ဆေးတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိထားသည်။ ၂၀၁၈-၂၀၁၉ ယူရိုပါလိဂ်ဗိုလ်လုပွဲတွင်လည်း ၎င်းတို့နှစ်သင်းဆုံတွေ့ထားပြန်ရာ ယင်းတစ်ကြိမ်တွင် ချယ်လ်ဆီးအသင်းက ဂျီရုဒ်၊ ပက်ဒရို၊ ဟာဇက်တို့၏ သွင်းဂိုးများနှင့်အတူ လေးဂိုး-တစ်ဂိုးဖြင့် အာဆင်နယ်အသင်းကို အနိုင်ရရှိပြီး ယူရိုလိဂ်ဖလားကို ဆွတ်ခူးထားနိုင်သည်။ ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ချယ်လ်ဆီး အသင်းနှင့် တတိယအကြိမ် အက်ဖ်အေဖလားဗိုလ်လုပွဲ ဆုံတွေ့မှုတွင်ရော အနိုင်ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

အာဆင်နယ်အသင်းအနေဖြင့် အက်ဖ်အေဖလားကို နောက်ဆုံးရရှိခဲ့သည်မှာ ၂၀၁၆-၂၀၁၇ ခုနှစ်ကဖြစ်ပြီး ထိုစဉ်က အာဆင်နယ်အသင်းအနေဖြင့် ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အက်ဖ်အေဖလားသမိုင်းတစ်လျှောက်တွင် အကြိမ်ရေအများဆုံးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ထားနိုင်သည့်အသင်းမှာ အာဆင်နယ်အသင်းဖြစ်ပြီး (၂၁)ကြိမ် တက်ရောက်ထားနိုင်ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားကို နောက်ဆုံးရရှိခဲ့သည်မှာ ၂၀၁၈ ခုနှစ်ကဖြစ်သည်။ ထိုစဉ်က မန်ယူအသင်းနှင့် ဗိုလ်လုပွဲတွင်ဆုံတွေ့ခဲ့ရာ ပွဲကစားချိန် ၂၂ မိနစ်တွင် ရရှိခဲ့သည့် အီဒင်ဟာဇက်၏ ပယ်နယ်တီဂိုး တစ်ဂိုးတည်းနှင့်ပင် မန်ယူအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်ဖ်ဖေအဖလားဗိုလ်လုပွဲ၌ နည်းပြသစ်နှစ်ဦး၏ အားပြိုင်မှုတွင် မည်သူက အက်ဖ်အေဖလားကို ဆွတ်ခူးသွားမလဲ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ထို့အပြင် အက်ဖ်အေဖလားသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းဖြစ်သည့် အာဆင်နယ်အသင်းကပင် နိုင်ပွဲရယူသွားနိုင်မလား၊ အက်ဖ်အေဖလားဗိုလ်လုပွဲတွင် အာဆင်နယ်အသင်းနှင့်တွေ့တိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို ချယ်လ်ဆီးတို့ ချိုးဖျက်သွားမလားဆိုသည်ကို ဩဂုတ် ၁ ရက်တွင် ဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ဂျာမနီတွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို သုံးပုံတစ်ပုံလျှော့ချရန် စီစဉ်လျက်ရှိ


အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါ

ဝါရှင်တန် ဇူလိုင် ၃၀

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ဂျာမနီနိုင်ငံတွင်ရှိသော တပ်ဖွဲ့ဝင်အင်အားကို သုံးပုံတစ်ပုံလျှော့ချရန် စီစဉ်နေကြောင်းနှင့် ဂျာမနီနိုင်ငံတွင်ရှိသော ဥရောပဌာနချုပ်ကိုလည်း ဘယ်လ်ဂျီယံသို့ ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါက ဂျာမနီနိုင်ငံ စတုဂတ်ရှိ ဥရောပကွပ်ကဲရေးဌာနချုပ်ကို ဘယ်လ်ဂျီယံသို့ ပြောင်းရွှေ့ရန်အစီအစဉ်ကို ဇူလိုင် ၂၉ ရက်က စတင်လိုက်သည်။ အစီအစဉ်အရ ဂျာမနီရှိအမေရိကန်တပ်ဖွဲ့ဝင်တည်ရှိမှုကို အကြမ်းဖျင်းအားဖြင့် ၃၆၀၀၀ မှ ၂၄၀၀၀ အထိ လျှော့ချရန်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၅၆၀၀ နီးပါးကို အီတလီ၊ ပိုလန်စသည့် တခြား နေတိုးနိုင်ငံများတွင် ပြောင်းရွှေ့ချထားမည်ဖြစ်ပြီး တပ်ဖွဲ့ဝင်အင်အား ၆၄၀၀ ကို အမေရိကန်နိုင်ငံသို့ ပြန်ပို့မည်ဖြစ်သည်။

ဥရောပတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ပြောင်းရွှေ့ချထားခြင်းသည် အဓိကမဟာဗျူဟာတစ်ခုဖြစ်ပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုဖြစ်ကာ အမျိုးသားကာကွယ်ရေး မဟာဗျူဟာနှင့်အညီ ပြုလုပ်ခြင်းဖြစ်သည်။

သို့သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များကို ဂျာမနီတို့က ကုန်ကျစရိတ်ကို မပေးသည့်အတွက် မိမိတို့က ဂျာမနီနိုင်ငံမှာရှိသည့် တပ်ဖွဲ့ဝင်များကို လျှော့ချနေကြောင်း ၎င်း၏အမြင်ကို ဇူလိုင် ၂၉ ရက်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကုန်ကျစရိတ်ကို လျှော့ချရန် နိုင်ငံခြားတွင် တပ်ဖွဲ့ဝင်များကို ပြန်လည်ဖြန့်ကြက်ချထားရာမှ တချို့တစ်ဝက်ကို ပြန်လည်ခေါ်ယူမည်ဖြစ်သည်။ သို့သော်လည်း ရုရှားက ခြိမ်းခြောက်နေသည့်အချိန်တွင် ဥရောပ၌ အမေရိကန်တပ်ဖွဲ့ဝင်တည်ရှိမှုကို လျှော့ချခြင်းနှင့်ပတ်သက်ပြီး ဒီမိုကရက်များသာမက ရီပတ်ဘလစ်ကန်များပါ စိုးရိမ်လျက်ရှိကြသည်။

နေတိုး အတွင်းရေးမှူးချုပ် ဂျန်းစ် စတိုတန်ဘာ့ဂ်က ဇူလိုင် ၂၉ ရက်က ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်ပြီး အဆိုပါကြေညာချက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်စ်ပါ၏ ကြေညာချက်သည် နေတိုးအဖွဲ့နှင့် ဥရောပလုံခြုံရေးတွင် အမေရိကန် ဆက်လက်ပါဝင်နေမှုကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း ဖော်ပြလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## ကိုဗစ်-၁၉ ဖြစ်ပွားမှုကို ရှောင်ရှားနိုင်ရန် နိုးနိုးကြားကြားရှိသင့်ကြောင်း အမေရိကန်ကူးစက်ရောဂါကျွမ်းကျင်ပညာရှင် ဖော်စီသတိပေး

ဝါရှင်တန် ဇူလိုင် ၃၀

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုး၊ တင်နက်ဆီ၊ ကင်တပ်ကီနှင့် အင်ဒီယားနားစသည့်ပြည်နယ်များအပါအဝင် ပြည်နယ်များစွာတွင် ကိုဗစ်-၁၉ ဖြစ်ပွား မှုများပြားလာသည်ကို ရှောင်ရှားရန် နိုးနိုးကြားကြားရှိသင့်ကြောင်း အမေရိကန် နိုင်ငံ ကူးစက်ရောဂါကျွမ်းကျင်သူ အန်တိုနီဖော်စီက ဇူလိုင် ၂၉ ရက်က သတိပေး ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ဓာတ်မတည့်မှုနှင့် ကူးစက်ရောဂါဆိုင်ရာ အမျိုးသား တက္ကသိုလ် ညွှန်ကြားရေးမှူး ဖော်စီက ယခုအချိုးအကွေ့သည် အလွန်အရေးကြီးကြောင်း ဇူလိုင် ၂၉ ရက် အစောပိုင်းက အစည်းအဝေးတစ်ခုတွင် ပြောကြားလိုက်သည်။

အိုဟိုင်းယိုး၊ တင်နက်ဆီ၊ ကင်တပ်ကီနှင့် အင်ဒီယားနားပြည်နယ်များသည် စုစုပေါင်းရောဂါစစ်ဆေးမှုတွင် ရောဂါတွေ့ရှိမှုရာခိုင်နှုန်းမှာ တဖြည်းဖြည်း တိုးလာနေသည်ကို စတင်ပြသလျက်ရှိကြောင်း ဖော်စီက အေဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားလိုက်သည်။

အဆိုပါကိစ္စသည် အမေရိကန်နိုင်ငံတောင်ပိုင်း ပြည်နယ်များတွင် တွေ့ကြုံရ သည့် ပြဿနာနှင့် ပုံစံတူဖြစ်လာဖွယ်ရှိသည်ကို သေချာပေါက်ပြသလိုက်သည့် အရိပ်အမြွက်တစ်ခုဖြစ်ကြောင်း ဖော်စီက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ဖြစ်ပွားမှုတိုးလာခြင်းကို ရပ်တန့်နိုင်ရန် အားလုံးနှာခေါင်းစည်းတပ်ဆင်ခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ အနည်းဆုံးခြောက်ပေအကွာတွင် နေထိုင်ခြင်း၊ လက်ဆေးခြင်း အလေ့အကျင့်များကိုပြုလုပ်ရန်၊ ဘားများကို ရှောင်ကြဉ်ရန် သို့မဟုတ် မဖြစ်နိုင်ပါက ပိတ်ပစ်ရန် စသည်တို့ အပါအဝင် စည်းမျဉ်းစည်းကမ်းငါးချက်ကို လိုက်နာရမည်ဖြစ်ကြောင်း ဖော်စီက အမ်အက်စ်အင်န်ဘီစီ ရုပ်သံသို့ ပြောကြားလိုက်သည်။

ဇူလိုင် ၂၉ ရက်က အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၅၀၀၀၀ ကျော်လွန်လာပြီးနောက် ယခုကဲ့သို့ ဖော်စီ၏ သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။



အမေရိကန်နိုင်ငံ ကူးစက်ရောဂါကျွမ်းကျင်ပညာရှင် အန်တိုနီဖော်စီ

အမေရိကန်နိုင်ငံတွင် ဇူလိုင် ၂၉ ရက်အထိ ကိုဗစ်-၁၉ ဖြစ်ပွားသူ အရေအတွက်မှာ ၄ ဒသမ ၅ သန်းကျော်လွန်လာပြီး သေဆုံးမှုမှာ ၁၅၀၀၉၀ အထိ ရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းများအရ သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ၏ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ကမ္ဘာမြေနှင့် လ၏ ပုံရိပ်များဖမ်းမိ

ပေကျင်း ဇူလိုင် ၃၀

တရုတ်နိုင်ငံ၏ အင်္ဂါဂြိုဟ် လေ့လာရေးယာဉ် ထျန်းဝန်း-၁ သည် ကမ္ဘာဂြိုဟ်မှ ကီလိုမီတာ ၁ ဒသမ ၂ သန်းကျော်အကွာအဝေးမှနေ၍ ကမ္ဘာဂြိုဟ်နှင့် လ၏ပုံရိပ်များကို ဖမ်းယူရရှိခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားအာကာသစီမံအုပ်ချုပ်ရေးဦးစီးဌာနက မကြာသေးမီက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ဆိုလာစူးစမ်းလေ့လာမှုများ စတင်သည့် ပထမခြေလှမ်းအဖြစ် ပထမဆုံး အင်္ဂါဂြိုဟ်ခရီးစဉ် ထျန်းဝန်း-၁ ကို ဇူလိုင် ၂၃ ရက်က လွှတ်တင်ခဲ့သည်။

အဆိုပါ ထျန်းဝန်း-၁ သည် ဇူလိုင် ၂၇ ရက်က တည်နေရာအာရုံခံစနစ်ဖြင့် ကမ္ဘာမြေနှင့်လပါဝင်သော ဓာတ်ပုံတစ်ပုံကို ရိုက်ယူခဲ့သည်။ အဖြူနှင့်အမည်း ပုံရိပ်တွင် ကမ္ဘာဂြိုဟ်နှင့် လတို့အား ကျန်ပြန့်သော နေစကြဝဠာကြီးအတွင်း လခြမ်းပုံသဏ္ဌာန် အကြီးတစ်ခု၊ အသေးတစ်ခုစီ ပုံရိပ်အဖြစ် တွေ့မြင်ရသည်။

တရုတ်နိုင်ငံ အမျိုးသား အာကာသ စီမံအုပ်ချုပ်ရေးဦးစီးဌာန၏အဆိုအရ ထျန်းဝန်း-၁ သည် ကမ္ဘာမြေဆွဲအားမှ လွန်မြောက်သွားပြီး ကမ္ဘာဂြိုဟ်-အင်္ဂါဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်း အတွင်းသို့ ဝင်ရောက်သွားခဲ့ကြောင်းနှင့် ကမ္ဘာဂြိုဟ်မှ အကွာအဝေးကီလိုမီတာ ၁ ဒသမ ၅ သန်းကျော်တွင် ခရီးသွားလျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်သည် အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်မှု ၃၆၇ ဦး တိုးလာရာ ကိုဗစ်-၁၉ ကို ကာကွယ်ကြရန် တိုက်တွန်း


ဂျပန်နိုင်ငံ တိုကျိုမြို့တစ်နေရာတွင် ပြည်သူများ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ပြီး သွားလာနေကြစဉ်။

တိုကျို ဇူလိုင် ၃၀

တိုကျိုရှိ ကိုဗစ်-၁၉ ထပ်မံကူးစက်မှုအရေအတွက်သည် ဇူလိုင် ၃၀ ရက်တွင် ၃၆၇ ဦးအထိ ရောက်ရှိလာခဲ့သည်။ ကျွမ်းကျင်သူများနှင့် ပြုလုပ်သည့် အစည်းအဝေးတွင် တိုကျိုအုပ်ချုပ်ရေးမှူး ကိုအိခဲ ယူရီကိုက ကိုဗစ်-၁၉ ကို ကာကွယ်ကြရန် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းလိုက်သည်။ ကိုအိခဲက ပြည်သူများကို ပျော်ပွဲရွှင်ပွဲဖျော်ဖြေမှုများ ပြုလုပ်ရာနေရာများသို့ မသွားရန်နှင့် ညဘက်အပြင်ထွက်စားသောက်ခြင်းများ မပြုလုပ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

တချို့ဗိုင်းရပ်စ်စစ်ဆေးသည့်နေရာများတွင် ဗိုင်းရပ်စ်စစ်ဆေးမှုခံယူရမည့်သူအရေအတွက်သည် တကယ်စစ်ပေးနိုင်သည့်အရေအတွက်ထက် ပိုများနေကြောင်း၊ ထို့ကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်နေကြောင်း တိုကျို ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းက ပြောကြားလိုက်သည်။ ဗိုင်းရပ်စ်စစ်ဆေးပေးသည့်နေရာများကိုလည်း ၃၀၀ မှ ၁၄၀၀ အထိ ထပ်မံတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဇူလိုင် ၂၉ ရက်တစ်ရက်တည်း တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၂၅၀ နီးပါးရှိသည်။

အစိုးရက ယခုအခြေအနေသည်နောက်ထပ်နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာရမည့်အချိန်မဟုတ်သေးကြောင်း ပြောကြားလိုက်သည်။ အစိုးရအဖွဲ့အတွင်းဝန်ချုပ် ဆူဂါ ယိုရှီဟိဒဲက ကိုဗစ်-၁၉ ကူးစက်မှုသည် လူငယ်များ ကြားတွင် ပိုမိုဖြစ်ပွားနေကြောင်း သို့သော်လည်း တကယ့်ကိုပြင်းထန်သည့် အခြေအနေအနည်းငယ်သာရှိကြောင်း ပြောကြားလိုက်သည်။ ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေသူပေါင်း ၃၄၀၀၀ ရှိကြောင်းသိရပြီး လူ ၁၀၀၀ ကျော် သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကြောင့် ဘိုးရင်းကုမ္ပဏီက လုပ်ငန်းအင်အားထပ်မံလျှော့ချမည်

**ဆန်ဖရန်စစ္စကို ဇူလိုင် ၃၀**

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဝင်ငွေဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဘိုးရင်းကုမ္ပဏီက နောက်ထပ်လုပ်ငန်းအင်အား လျှော့ချမှုပြုလုပ်မည်ဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီ အမှုဆောင်ချုပ် ကယ်လ်ဟွန်းက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဈေးကွက်အခြေအနေက ထုတ်လုပ်မှုတိုးမြှင့်ရန် အားမပေးသေးကြောင်းနှင့် ကုမ္ပဏီအနေဖြင့် အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေရှိစွာ ချိန်ညှိလုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း ဘိုးရင်း၏ ဝန်ထမ်းများသို့ ပေးသည့်စာတစ်စောင်တွင် ကယ်လ်ဟွန်းက ရေးသားထားသည်။

ဈေးကွက်အနေအထားအရ ၂၀၂၀ ပြည့်နှစ်တွင် ဘိုးရင်းကုမ္ပဏီက လုပ်သားအင်အား ၁၀ ရာခိုင်နှုန်း လျှော့ချမည်ဟု ယခင်က ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် ကုမ္ပဏီ၏ ထုတ်လုပ်မှု ပမာဏကို နောက်ထပ်လျှော့ချရန် လိုအပ်လာလျက်ရှိရာ ယင်းမှာ ကုမ္ပဏီ၏ လုပ်သား အင်အားကို မဖြစ်မနေထပ်မံလျှော့ချရမည်ဟု ဆိုလိုခြင်းပင်ဖြစ်ကြောင်း၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့် လတ်တလောအချိန်တွင် ယင်းကိစ္စသည် သတင်းဆိုးတစ်ခုဖြစ်မည်ကို နားလည်ကြောင်းနှင့် လုပ်ငန်းရှေ့ဆက်သွားနိုင်ရေးကြိုးပမ်းရင်း မိမိတို့ဝန်ထမ်းများအပေါ်တွင် ထိခိုက်နစ်နာမှု နည်းနိုင်သမျှနည်းအောင် အတတ်နိုင်ဆုံးကြိုးစားမည်ဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီအမှုဆောင်ချုပ်က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**






တရုတ်နိုင်ငံ၌ ပြည်သူတစ်ဦးကို ကိုဗစ်-၁၉ ကူးစက်မှု ရှိမရှိ စစ်ဆေးခြင်း ဆောင်ရွက်နေစဉ်။

## တရုတ်ပြည်မကြီး၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၀၅ ဦးတွေ့ရှိ

**ပေကျင်း ဇူလိုင် ၃၀**

တရုတ်ပြည်မကြီးတွင် ဇူလိုင် ၃၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၀၅ ဦး တွေ့ရှိခဲ့ပြီး ၎င်းတို့အနက် ၁၀၂ ဦးမှာ ပြည်တွင်း၌ ဒေသခံပြည်သူအချင်းချင်း ကူးစက်ခံရသူများဖြစ်ပြီး သုံးဦးမှာ ပြည်ပမှရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း တရုတ်ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ပြည်တွင်း၌ ရောဂါကူးစက်ခံရမှုများမှာ အီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၉၆ ဦး၊ လျောင်နင်းပြည်နယ်တွင် ငါးဦး၊ ပေကျင်း၌ တစ်ဦးတို့ဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က နေ့စဉ်အစီရင်ခံစာတွင် ဖော်ပြသည်။

လတ်တလောတွင် ရောဂါကူးစက်ခံရမှုနှင့် ဆက်နွှယ်သည့် သေဆုံးမှု မရှိသေးကြောင်း သိရသည်။

ဇူလိုင် ၃၀ ရက်တွင် ပြည်မကြီး၌ ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသည့်လူနာ ၁၃ ဦးရှိကြောင်း ကျန်းမာရေးကော်မရှင်က ပြောကြားသည်။

ယခုအခါ တရုတ်ပြည်မကြီးတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် စုစုပေါင်းမှာ ၈၄၁၆၅ ဦး အထိရှိပြီ ဖြစ်ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ကိုဗစ်-၁၉ လူနာ ၅၇၄ ဦးရှိကာ အရေးပေါ်လူနာ ၃၃ ဦး ရှိကြောင်း သိရသည်။

ကွမ်တုံပြည်နယ်၊ ယူနန်ပြည်နယ်နှင့် ရှန်ကျီပြည်နယ်တို့တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ မရှိသေးကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။ **ဆင်ဟွာ**

## ဗြိတိန်၌ ကိုဗစ်-၁၉ ကူးစက်ခံထားရသူများ တစ်ကိုယ်ရေသီးခြားနေထိုင်ရမည့်အချိန်ထပ်တိုး

**လန်ဒန် ဇူလိုင် ၃၀**

ကိုဗစ်-၁၉ ကူးစက်ခံထားရသူများတွင် ခုနစ်ရက်မှ ကိုးရက်အတွင်း အခြားသူများထံသို့ အမှန်တကယ် ရောဂါ ကူးစက်စေနိုင်သည်ဆိုသော သိပ္ပံနည်းကျ သက်သေအထောက်အထားတစ်ရပ်ရှိကြောင်း ဗြိတိန်ကျန်းမာရေးဆိုင်ရာ အကြီးအကဲတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် အတည်ပြုလူနာများအနေဖြင့် တစ်ကိုယ်ရေသီးခြားနေထိုင်သည့် အချိန်ကာလကို ခုနစ်ရက်မှ ၁၀ ရက်သို့ ထပ်တိုးလိုက်ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ကပ်ရောဂါကို ထိန်းချုပ်ရန် ကြိုးပမ်းသည့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်တစ်ရပ်အနေဖြင့် ကျန်းမာရေးအာဏာပိုင်များက ပိုးရှိလူနာများ တစ်ကိုယ်ရေသီးခြားနေထိုင်သည့် အချိန်ကိုထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဗြိတိန်သည် စပိန်မှပြန်ရောက်လာသည့် မိမိနိုင်ငံသားတိုင်းကို ၁၄ ရက်ကန့်သတ်စောင့်ကြည့်မှုခံယူရန် ညွှန်ကြားချက်ထုတ်ပြန်လိုက်သည်။

ဥရောပနိုင်ငံတစ်ဝန်းသို့ ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း ထပ်မံကျရောက်လာနိုင်သည့် အန္တရာယ်ကို သတိထားနေထိုင်ကြရန် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သတိပေးခဲ့သည်။ **အေအက်ဖ်ပီ**

## အမေရိကန်က Tik Tok အက်ပလီကေးရှင်းအသုံးပြုမှုကိုပိတ်ပင်ရန် မူဝါဒဆိုင်ရာစဉ်းစားသုံးသပ်မှုများပြုလုပ်နေ

**ဝါရှင်တန် ဇူလိုင် ၃၀**

အမေရိကန်၌ Tik Tok အက်ပလီကေးရှင်းနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ရန် မူဝါဒဆိုင်ရာ စဉ်းစားသုံးသပ်မှုများ လုပ်ဆောင်နေကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

Tik Tok အက်ပလီကေးရှင်းသုံးစွဲမှုမှ သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များ ရယူသွားမည်ကို စိုးရိမ်ရမှုကြောင့် အဆိုပါအက်ပလီကေးရှင်း အသုံးပြုမှုကို ပိတ်ပင်ရန် သမ္မတထရမ့်အစိုးရအဖွဲ့က ပြင်ဆင်နေကြောင်း သိရသည်။

ဗီဒီယိုရိုက်ကူးတင်ဆက်မှုများကို မျှဝေသည့် Tik Tok အက်ပလီကေးရှင်းသည် အမေရိကန်ရှိ လူငယ်များအကြားတွင် ရေပန်းစားလျက်ရှိပြီး အမေရိကန်အစိုးရက ယင်းအက်ပလီကေးရှင်းကို အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်သည်ဟုဆိုကာ သံသယဖြစ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ကို ကန့်သတ်ပိတ်ဆို့မှုပြုလုပ်လိုက်သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အလွန်မြင့်နေ

**မဲလ်ဘုန်း ဇူလိုင် ၃၀**

ဩစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် အာဏာပိုင်များက မဲလ်ဘုန်းမြို့ကို အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ထားသော်လည်း ရောဂါကူးစက်မှု ဆိုးဆိုးရွားရွားဖြစ်ပွားနေသည့် ဗစ်တိုးရီးယားပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့်သေဆုံးမှုနှုန်း အလွန် မြင့်မားလျက်ရှိကြောင်း သိရသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် ဇူလိုင် ၃၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၇၂၃ ဦးအထိရှိခဲ့ပြီး ၁၃ ဦး ထပ်မံသေဆုံးခဲ့ကာ ရောဂါကူးစက်ဖြစ်ပွားမှု ၃၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ဇူလိုင် ၇ ရက် တွင် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု စတင်လုပ်ဆောင်လိုက်သည့် မဲလ်ဘုန်းမြို့၌ နောက်ထပ် ကန့်သတ်ပိတ်ဆို့မှုကာလ ထပ်တိုးရန် လိုအပ်လာမည်ကို စိုးရိမ်ပူပန်နေကြရကြောင်း သိရသည်။

ဗစ်တိုးရီးယားအာဏာပိုင်များက ဒေသခံပြည်သူများအား ဗိုင်းရပ်စ်စစ်ဆေးမှုကို အမြန်ဆုံးခံယူကြရန် တိုက်တွန်းနိုးဆော်မှုများ ထပ်မံပြုလုပ်ခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ပြည်နယ်အတွင်း ကိုဗစ်-၁၉ လူနာအချို့သည် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်ညွှန်ကြားချက်ကို ဖောက်ဖျက်ခဲ့မှုများနှင့် ဗိုင်းရပ်စ်စစ်ဆေးမှုကို အချိန်မီ မဆောင်ရွက်ခဲ့မှုများရှိကြောင်း ဗစ်တိုးရီးယားအုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

မိမိထံတွင် ရောဂါလက္ခဏာတစ်ခုခုပြလာသည်နှင့် တစ်ပြိုင်နက် လုပ်ဆောင်နိုင်သည့်အရာမှာ ဗိုင်းရပ်စ်စစ်ဆေးမှုခံယူရန်ဖြစ်ပြီး လုပ်ငန်းခွင်သို့ မသွားရန်ပင်ဖြစ်ကြောင်း၊ ယင်းအချိန်တွင် သင်လုပ်ဆောင်သမျှ အရာတိုင်းသည် ဗိုင်းရပ်စ်ဖြန့်ဝေနေခြင်း ဖြစ်လာတော့မည်ဖြစ်ကြောင်း ဗစ်တိုးရီးယားပြည်နယ်အုပ်ချုပ်ရေးမှူး ဒန်နီရယ်အန်ဒရူးစ်က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ လူနာတစ်ဦးကို ရွှေ့ပြောင်းနေစဉ်။

# စိတ်ကျန်းမာရေးဆိုင်ရာ ကပ်ဘေးဆိုးကြီးတစ်ခုကို ခေါ်ဆောင်လာတဲ့ ကိုဗစ် - ၁၉

ကလျာမိုးမြင့်

ဝေးလ်ပြည်နယ်မှာ ကိုဗစ်- ၁၉ ဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုတွေ ဖြေလျှော့လာမှုနဲ့အတူ စာသင်ကျောင်းတွေကို ပြန်လည်ဖွင့်လှစ်လာချိန်မှာ စာသင်သားကလေးငယ် အများအပြားဟာ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာအချို့ရှိနေတဲ့အတွက် စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးဖို့ အကူအညီတွေ ပိုမိုလိုအပ်လျက်ရှိတယ်လို့ ဆရာ ဆရာမတွေက ပြောပါတယ်။



ဝေးလ်ပြည်နယ်ရှိ မူလတန်းကျောင်းတစ်ခု၌ ကျောင်းသား ကျောင်းသူများ ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်နေစဉ်။

“ ကျောင်းပြန်တက်ကြတဲ့ကလေးငယ်တွေမှာ စိတ်ပိုင်းဆိုင်ရာအားနည်းမှုတွေ ပိုပြီးတိုးလာတာကို ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။ အထူးသဖြင့် တစ်ချိန်က စိတ်ပိုင်းဆိုင်ရာမှာ အပြစ်အနာအဆာမရှိတဲ့ ကလေးတွေ အခုအချိန်မှာ စိတ်ပိုင်းဆိုင်ရာ အားနည်းချို့ယွင်းမှုဖြစ်လာတာက သက်သေပါပဲ။ ကိုဗစ်-၁၉ ဟာ လူတွေကို ကာယဒုက္ခပေးရုံတင်မကဘဲ စိတ်ပိုင်းဆိုင်ရာ ကပ်ဘေးဆိုးကြီးတစ်ခုလည်း ဖြစ်လာနေပါပြီ”

### အထိအခိုက်မခံ

တချို့ကလေးငယ်တွေဟာ ကန့်သတ်ပိတ်ဆို့မှုချခံခဲ့ရတဲ့ အတောအတွင်းမှာ ပိုပြီးအထိခိုက်မခံဖြစ်လာကြတယ်လို့ မူလတန်းနဲ့ အလယ် တန်းကျောင်းက သင်ကြားရေးဆရာတွေက ပြောပြခဲ့ပါတယ်။ မူလတန်း ကျောင်းတစ်ကျောင်းမှာ ဆိုရင် ကျောင်းသားလေးတွေကို နှစ်သိမ့်ဆွေးနွေးမှု ပေးတဲ့ ဝန်ဆောင်မှုအတွက် အချိန်ပေးရတယ်လို့ဆိုပါတယ်။ ပညာရေး ဝန်ကြီး ကာစတီဝီလီယမ်စ်က လော့ခ်ဒေါင်းပြန်ဖွင့်ပေးဖို့ကြိုးပမ်းမှုရဲ့ နောက်ကွယ်မှာ ကလေးငယ်တွေရဲ့ အပြုအမူကောင်းတွေနဲ့ပတ်သက်ပြီး စိုးရိမ်စရာတွေရှိလာတယ်လို့ ပြောပြခဲ့ပါတယ်။

### အကြောက်တရားတွေရှိလာ

ဒီကိစ္စက ကလေးငယ်တွေအတွက် ခရစ္စမတ်ရက် သုံးရက်လိုမျိုး ဖြစ်နေတယ်။ အချိန်နည်းနည်းလေးအတွင်းမှာ လုပ်စရာတွေအများကြီးကို လုပ်ရသလိုမျိုးပဲလို့ မူလတန်းကျောင်းတစ်ကျောင်းက လက်ထောက်ကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်တဲ့ ဂျိုးဂျာမင်ဂျုံးစ်က ဥပမာပေးခဲ့ပါတယ်။

ကန့်သတ်ပိတ်ဆို့မှုတွေမလုပ်သေးခင်က စိတ်ပိုင်းဆိုင်ရာ အကူအညီမလိုအပ်ခဲ့တဲ့ကလေးတွေတောင် အခုဆိုရင် နှစ်သိမ့်ဆွေးနွေးမှုတွေလုပ်ပေးနေရတယ်။ ကျောင်းသားတချို့ဆိုရင် အရင်ကမတွေ့ဖူးတဲ့ အကြောက်တရားတွေရှိလာတာကို ကြုံနေရတယ်။ ကျောင်းသူလေးတစ်ယောက်ဆိုရင် အပေါက်တွေကိုမြင်တဲ့အခါ စပြီးကြောက်ရွံ့လာတာကို တွေ့ရတယ်လို့ ၎င်းက ရှင်းပြပါတယ်။

### စိုးရိမ်ပူပန်စိတ်

အဲဒီကလေးမလေးဟာ ကန့်သတ်ပိတ်ဆို့မှုနဲ့မကြုံခင်တစ်ချိန်က ပျော်ရွှင်မြူးထူးနေတတ်ပြီး ဘဝကိုယုံကြည်မှုရှိစွာနဲ့ ဖြတ်သန်းနေတဲ့ ကလေးပါ။ ဒါပေမယ့်အခုအချိန်မှာ အဲဒီပုံစံကိုမတွေ့ရတော့ဘူး။ မမျှော်လင့်ဘဲ ကိုယ့်ကိုယ်ကိုယ် အကာအရံတစ်ခုရဲ့အောက် ကျရောက်ပိတ်လှောင်မိသွားသလို ပုံစံမျိုးဖြစ်နေတယ်။ သူ့ကိုကြည့်လိုက်ရင် မှင်သေသေနဲ့ဖြစ်နေပြီး အံ့ဩစရာ အိပ်မက်ဆိုးတွေကိုလည်း စပြီးမက်လာတယ်လို့ ပြောတယ်။ ပြီးတော့ ဒီနိုင်ငံမှာ ကန့်သတ်ပိတ်ဆို့မှုလုပ်လိုက်တာနဲ့ပတ်သက်ပြီး သူကစိုးရိမ်ပူပန်နေတယ်။ ဒီကိစ္စတွေမဖြစ်ခင်က သူ့ရဲ့အရင်ပုံစံကိုသင်တို့ တွေ့ဖူးကြမယ်ဆိုရင် ဒီကလေးကို စိတ်ပိုင်းဆိုင်ရာ အကူအညီလိုအပ်မယ့် ကလေးတစ်ယောက်လို့တောင် တွေးမိမှာမဟုတ်ဘူးလို့ လက်ထောက်ကျောင်းအုပ်ကြီးက ပြောပြခဲ့ပါတယ်။

### စိတ်ပိုင်းဆိုင်ရာကပ်ဘေးဆိုးကြီး

ကျောင်းတွေပြန်ဖွင့်လို့ သူငယ်ချင်းတွေနဲ့ပြန်တွေ့ရတာ ဝမ်းသာစရာဖြစ်ပေမယ့် ကျောင်းပြန်တက်ကြတဲ့ကလေးငယ်တွေမှာ စိတ်ပိုင်းဆိုင်ရာ အားနည်းမှုတွေပိုပြီးတိုးလာတာကို ထင်ထင်ရှားရှားတွေ့မြင်နေရပါတယ်။ အထူးသဖြင့် တစ်ချိန်က စိတ်ပိုင်းဆိုင်ရာမှာ အပြစ်အနာအဆာမရှိတဲ့ ကလေးတွေ အခုအချိန်မှာ စိတ်ပိုင်းဆိုင်ရာ အားနည်းချို့ယွင်းမှုဖြစ်လာတာက သက်သေပါပဲ။ ကိုဗစ်- ၁၉ ဟာ လူတွေကို ကာယဒုက္ခပေးရုံတင်မကဘဲ စိတ်ပိုင်းဆိုင်ရာ ကပ်ဘေးဆိုးကြီးတစ်ခုလည်း ဖြစ်လာနေပါပြီ။

### ကျောင်းစာနောက်ကျ

စာသင်ကျောင်းက ကျောင်းသားတွေကို စိတ်အခြေအနေဆိုင်ရာ မေးခွန်းလွှာတွေပေးပြီး ဖြေဆိုခိုင်းတဲ့အခါမှာ ထွက်ပေါ်လာတဲ့ရလဒ်တွေက ကျောင်းသားတွေဟာ ပိုပြီးစိတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့်မှု အကူအညီတွေ လိုအပ်လာတယ်ဆိုတာကို ပြသနေတယ်လို့ သိရပါတယ်။ ကလေးတွေရဲ့ အကြီးမားဆုံး စိုးရိမ်ပူပန်မှုကတော့ ကျောင်းစာတွေ နောက်ကျမှာကိုပါ။ ဒါပေမယ့် ကိုဗစ်-၁၉ ကြောင့် တချို့ကလေးငယ်တွေမှာ ဘယ်လိုပြုမူနေထိုင်ရမယ်ဆိုတာနဲ့ပတ်သက်တဲ့ လူမှုရေးဆိုင်ရာ စိတ်သောကရောက်ရမှုတွေ ဖြစ်လာတာကိုလည်း တွေ့နေရပါတယ်။

### နှစ်သိမ့်ဆွေးနွေးဖို့လို

ဒီတော့ မူလတန်းကျောင်းတွေမှာ ကလေးတွေကို နှစ်သိမ့်ဆွေးနွေးခြင်း အပါအဝင် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် အကူအညီတွေလိုအပ်တယ်ဆိုတဲ့အချက်ကို အသိအမှတ်ပြုထားတယ်လို့ မူလတန်းကျောင်းတစ်ကျောင်းရဲ့ လက်ထောက်ကျောင်းအုပ် အလက်ရော်ဂျာက ပြောပြခဲ့ပါတယ်။ လာမယ့် စက်တင်ဘာလမှာ ကလေးတွေကျောင်းတက်လာကြတဲ့အခါ ကျောင်းပြန်တက်ဖို့ ပိုကောင်းတဲ့စိတ်ပိုင်းဆိုင်ရာ ခံစားချက်တစ်ခုဖြစ်ပေါ်ဖို့ မျှော်လင့်ထားတယ်လို့ ၎င်းက ဆိုပါတယ်။

ပညာရေးဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ဆင်းရဲနွမ်းပါးတဲ့အိမ်ထောင်စုတွေထဲက ကလေးငယ်တွေနဲ့ပတ်သက်ပြီး အကြီးအကျယ် စိုးရိမ်ပူပန်နေကြရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နောက်ဆက်တွဲစီးပွားရေးထိခိုက်မှုတွေနဲ့အတူ အခြေအနေတွေက ပိုဆိုးလာနေတာကြောင့် ဆင်းရဲတဲ့မိသားစုတွေမှာ ပိုပြီး ထိခိုက်ခံစားရမှုတွေရှိတယ်လို့ ပညာရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

### တစ်မိသားစုလုံးကို အကူအညီပေးဖို့လို

သဘာဝဘေးအန္တရာယ်ကြောင့် ကလေးငယ်တွေရဲ့ စိတ်ကျန်းမာရေး ထိခိုက်ရမှုတွေနဲ့ပတ်သက်ပြီးလုပ်ဆောင်ထားတဲ့ သုတေသနတွေအရ ကလေးတွေရဲ့ စိတ်အခြေအနေပုံမှန်ပြန်ဖြစ်ဖို့ အကူအညီပေးမယ့်အချိန်အထိ နောက်ဆုံးနည်းလမ်းကတော့ အဲဒီကလေးရဲ့မိသားစုတစ်ခုလုံးကို အကူအညီပေးခြင်းဖြစ်တယ်လို့ သိရပါတယ်။ ၂၀၁၁ ခုနှစ်တုန်းက နယူးအော်လိန်းစ်မှာဖြစ်ပွားခဲ့တဲ့ ကက်ထရီနာ ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှုဖြစ်စဉ် သို့မဟုတ် အဲဒီနှစ်ကပဲ နယူးဇီလန်မှာဖြစ်ပွားခဲ့တဲ့ ငလျင်လှုပ်မှုဖြစ်စဉ်တွေမှာ ပြန်ကြည့်ရင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့တဲ့ကလေးငယ်တွေရဲ့ မိသားစုတွေကို အကူအညီပေးခြင်းက ကလေးတွေကို မြန်မြန်ပြန်ကောင်းလာစေခဲ့တဲ့ သာဓကတွေရှိတယ်လို့ ၎င်းက ဆိုပါတယ်။

### ရန်ပုံငွေသတ်မှတ်

ဝေးလ်ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့က ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ခဲ့မှုအတွင်း စိတ်ကျန်းမာရေးဆိုင်ရာ တိုးတက်မှုအတွက် အကူအညီပေးဖို့ ယူရို ၅ သန်းကို ရန်ပုံငွေသတ်မှတ်ထားရှိကြောင်း ကြေညာခဲ့ပါတယ်။

တကယ်တော့ ကိုဗစ်- ၁၉ ကပ်ရောဂါကြီးကျရောက်လာတဲ့အတွက်ကြောင့် စိတ်ဖိစီးသောက ရောက်ကြရတာဟာ ကလေးငယ်တွေသာမက လူငယ်တွေအပါအဝင် အရွယ်သုံးပါးစလုံးဆိုပေမယ့် အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာနုနယ်သေးတဲ့ ကလေးငယ်တွေမှာ စိတ်ကျန်းမာရေးဆိုင်ရာ မြှင့်တင်ပေးဖို့ ပိုပြီးအကူအညီတွေ လိုအပ်လျက်ရှိပါတယ်။ ။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘီဘီစီ

## နိုင်ငံတကာသတင်းတိုထွာ

### မြောက်ကိုရီးယားက ယူရေနီယံသန့်စင်ထုတ်လုပ်မှု လုပ်ဆောင်ဖွယ်ရှိဟု အမေရိကန်ပြော

ဝါရှင်တန် ဇူလိုင် ၃၀

မြောက်ကိုရီးယားနိုင်ငံသည် ယူရေနီယံသန့်စင်ထုတ်လုပ်မှုကို ဆက်လက်လုပ်ဆောင်နေဟန်ရှိကြောင်း ဂြိုဟ်တုမှ ဖမ်းယူထားသည့် ပုံရိပ်များက ဖော်ပြနေသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ဇူလိုင် ၂၈ ရက်က 38 North သုတေသနအဖွဲ့သည် ညောင်ဗြွမ်းနျူကလီးယားအဆောက်အအုံမှ နောက်ဆုံးဖမ်းယူရရှိခဲ့သည့်ဂြိုဟ်တုပုံရိပ်ကိုအသေးစိတ်လေ့လာထားသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ နျူကလီးယားအဆောက်အအုံ၌ ဇူလိုင်လအတွင်း နိုက်ထရိုဂျင်အရည်များတင်ဆောင်ထားဖွယ်ရှိသည့် ကုန်တင်ယာဉ်တစ်စီးကို တွေ့ရှိခဲ့ရကြောင်းနှင့် ယင်းအဆောက်အအုံမှာ ယူရေနီယံစက်ရုံတစ်ရုံ ဖြစ်နိုင်ကြောင်း လေ့လာသူများကပြောကြားခဲ့သည်။ ဇူလိုင်လအစောပိုင်းကလည်း အဆိုပါ အဆောက်အအုံအနီးတွင် ကားရထားတွဲများကို ဂြိုဟ်တုပုံရိပ်ထဲတွင် တွေ့ရှိခဲ့ကြောင်း သုတေသနအဖွဲ့က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

### ဂျပန်အာကာသယာဉ်မှူး နိုင်ငံတကာအာကာသစခန်းသို့ ၂၀၂၁ ခုနှစ်တွင် သွားရောက်မည်

ဂျပန် ဇူလိုင် ၃၀

အာကာသယာဉ်မှူး ဟိုရှိဒဲအာခိဟိုကို သည် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) တွင် သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက ပြောကြားလိုက်သည်။

မစ္စတာဟိုရှိဒဲသည် ၂၀၂၁ ခုနှစ် နွေဦးရာသီတွင် အမေရိကန်အာကာသယာဉ် ခရူး ဒရက်ကွန်၏ ဒုတိယမြောက် ခရီးစဉ်နှင့် လိုက်ပါပြီး အိုင်အက်စ်အက်စ်ကိုသွားမည်ဟု ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက ပြောကြားလိုက်သည်။

၂၀၁၄ ခုနှစ်တွင် အိုင်အက်စ်အက်စ်၏ ကွပ်ကဲမှုတာဝန်ကို ထမ်းဆောင်ခဲ့သည့် အာကာသယာဉ်မှူး ဝါကာတာ ခိုးအိချိပြီးနောက် မစ္စတာ ဟိုရှိဒဲသည် အဆိုပါတာဝန်ကို ထမ်းဆောင်မည့် ဒုတိယမြောက် ဂျပန်လူမျိုး ဖြစ်လာမည်ဖြစ်သည်။

မစ္စတာဟိုရှိဒဲသည် မေလတွင် ရုရှားအာကာသယာဉ်နှင့် လိုက်ပါပြီး အိုင်အက်စ်အက်စ်ကို သွားရန်စီစဉ်ခဲ့သော်လည်း ၎င်း၏ ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့သည်။ ၎င်းသည် ၂၀၀၈ နှစ်က အမေရိကန်အာကာသလွန်းပြန်ယာဉ်၊ ၂၀၁၂ ခုနှစ်တွင် ရုရှား၏ ဆိုယုဇ်အာကာသယာဉ်များနှင့် စီးနင်းလိုက်ပါပြီး အိုင်အက်စ်အက်စ်သို့ သွားခဲ့ခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

# သတိကို လက်မလွှတ်ရမယ့်အချိန်



ကျွန်မတို့ နိုင်ငံမှာ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းတွေ ကြပ်ကြပ်မတ်မတ်ချပြီး Covid ကာကွယ်ရေး ဆောင်ရွက်ခဲ့တာ သုံးလတင်းတင်းတောင် မပြည့်သေးပါဘူး၊ သည်းမခံနိုင်တော့တဲ့သူတွေကို မြင်နေရပါတယ်။ ဒီလိုအခြေအနေက ကြောက်သင့်လို့ ကြောက်ရမဲ့ (ဝါ)၊ သတိကို လက်မလွှတ်ရမဲ့အချိန်ပါ။ Covid စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ပြီလို့ တရားဝင်ကြေညာခဲ့တဲ့ နိုင်ငံအချို့မှာ Covid ပြန်လည်တွေ့နေရပါပြီ။ ကြောက်စရာပါ။ ထပ်မံပြီးသတိပေးပါရစေ၊ ဒုတိယ Covid လှိုင်းဟာ ပထမထက်ဆိုးဖို့ရာ များတယ်လို့ လေ့လာထားသူတွေက သုံးသပ်ပါတယ်။ ကျွန်မတို့ ပထမလှိုင်းကို ကျော်လွှားနိုင်ခဲ့တာလည်း လွယ်လွယ်နဲ့ မဟုတ်ပါဘူး။ ငွေအင်အား၊ လူအင်အား၊ စိတ်ဓာတ်အင်အား၊ အင်အားအမျိုးမျိုး ရင်းနှီးခဲ့ရပါတယ်။ ဒီရင်းနှီးမှုတွေ အဟောသိကံ မဖြစ်သွားဖို့ ကျွန်မတို့ စိတ်အင်အားတွေ အဆက်မပြတ် ထုတ်ရပါဦးမယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ ၁၇-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)**

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများ အပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၁-၇-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၂၈-၆-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

- (က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊
- (ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊
- (ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊
- (ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ(သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်**

## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကချင်ပြည်နယ် ကာမိုင်းမြို့နယ်ရှိ ကာမိုင်း လိုင်နှောင်း နှစ်ခြင်း IDP စခန်း၊ ဖားကန့်မြို့နယ်ရှိ လဝါး RC နှင့် နန့်စီးအင်ထွယ်ဆန်ယန် ယာယီတိုက်ပွဲရှောင်စခန်း နှစ်ခု၊ မိုးကောင်းမြို့နယ်ရှိ ကံလှမောနွေလ ယာယီတိုက်ပွဲရှောင် စခန်းများသို့ သွားရောက်၍ ထုံးအိတ် ၄၀၊ ဆပ်ပြာ ၄၂၇ ခဲနှင့် ဗီနိုင်းလေးချပ်တို့အား သွားရောက်ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ထမ္မရာဇ် ကွက်သစ် စေတီတောင်ရွာဟောင်း ဘုန်းတော်ကြီးကျောင်း၊ ရှော်မယ် (အမက)ကျောင်း၊ တင်းထိန်ကန် ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ပီပင်ရင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ တောင်မြင့်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ စင်းဘောကိုင်းကျေးရွာ၊ ရွာသစ်ကေ ဘုန်းတော်ကြီးကျောင်း၊ ဝက်လှကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ တိန်ညို တိုက်ပွဲရှောင်စခန်း၊ ပြလှကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ နကန်ကျေးရွာ(အရှေ့) ဘုန်းတော်ကြီးကျောင်း၊ ပုဇွန်ဖေကျေးရွာ၊ ကုလားချောင်း ဘုန်းတော်ကြီးကျောင်း၊ ရွှေထီးဆောင်း ဘုန်းတော်ကြီးကျောင်းနှင့် မြေပုံမြို့နယ်ရှိ ကျီးခေါင်းတောင်ကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ ကုန်ဘောင်ကျေးရွာ၊ ရေရှင်ကျေးရွာ၊ ရက်ချောင်းကျေးရွာ၊ ပြားသုန်းကျေးရွာ၊ မြို့နယ်ခန်းမ၊ ပင်ကပ်တောင် မော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ဝိဇိတာရာမဘုန်းတော်ကြီးကျောင်း၊ ရွာသစ်ရပ်ကွက် ဘောလုံးကွင်း၊ ပြည်ခြားကျေးရွာ၊ ဈေးဟောင်းရပ်ကွက် အ.မ.က ကျောင်း၊ သဲတန်း အ.ထ.က (၂) စာသင်ကျောင်း၊ ငန်းတောင်ကျေးရွာ၊ ပေါက်တူးတောင်ကျေးရွာ၊ စက်ခွေကျေးရွာ၊ သပြေတောကျေးရွာ၊ သရက်တောင်ကျေးရွာနှင့် တောင်ပေါ် IDPs စခန်း စုစုပေါင်း ယာယီတိုက်ပွဲရှောင်စခန်း ၃၄ ခုသို့ သွားရောက်၍ ဆပ်ပြာတောင့် ၁၈၈၆၀ နှင့် ထုံးအိတ် ၃၄၀ တို့အား သွားရောက် ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၃၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၀) ခု၊
- စုစုပေါင်း (၁၀၅၇) ခု တွင်-
- • COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး ထပ်မံ တွေ့ရှိခဲ့ပါသည်။

၂။ သို့ဖြစ်ရာ (၃၀-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၃) ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၂၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁၅၈၉) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၁၇၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၀၈) ခု၊

စုစုပေါင်း (၂,၂၁၇) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၃၀-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃၇) ခု |
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၀-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၅၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၉၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၃၀ -၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 352 | ၄၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ် | မရှိ | ရှိ (ထိုင်း) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တွံတေးမြို့နယ်) |
| 353 | ၂၆ နှစ် | ကျား | မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် | မရှိ | ရှိ (မလေးရှား) | ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကော့သောင်းမြို့နယ်) |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၃၀-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၆၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၂၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၉၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၃) ခု၊
- စုစုပေါင်း (၇၅၅)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃၀-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၅) ခု |
| (၃၀-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၅) ခု |
| (၃၀-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၂) ခု |
| (၃၀-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၃၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ (၁)ဦး (Case- 308) ရှိသဖြင့် စုစုပေါင်း (၂၉၅) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၈၀) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၉-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃၀-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၀) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၉၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# ကိုဗစ် -၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၃ ဦးရှိပြီ

နေပြည်တော် ဇူလိုင် ၃၀

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၃ ဦးရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် မလေးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး ဖြစ်သည်။

ရောဂါပိုးတွေ့ရှိသူ ၃၅၃ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၉၅ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူဦးရေ ၂၈၀ နှင့် ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၃၀ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၀ ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၂၃၈၁ | ၃၅၃ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၉၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၇၁၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၈၀ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၈ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၅၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၀-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

### ၃၀-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၇၁၀၆၅ | ၂၂၄၆၂၂၁ | ၁၅၃၈၉၈ |
| ၂။ | ဘရာဇီး | ၂၅၅၅၅၁၈ | ၁၇၈၇၄၁၉ | ၉၀၁၈၈ |
| ၃။ | အိန္ဒိယ | ၁၆၀၁၀၇၀ | ၁၀၂၉၀၆၉ | ၃၅၁၃၄ |
| ၄။ | ရုရှား | ၈၃၄၄၉၉ | ၆၂၉၆၅၅ | ၁၃၈၀၃ |
| ၅။ | တောင်အာဖရိက | ၄၇၁၁၂၃ | ၂၉၇၉၆၇ | ၇၄၉၇ |
| ၆။ | မက္ကဆီကို | ၄၀၈၄၄၉ | ၂၆၇၁၄၇ | ၄၅၃၆၁ |
| ၇။ | ပီရူး | ၄၀၀၆၈၃ | ၂၈၀၀၄၄ | ၁၈၈၁၆ |
| ၈။ | ချီလီ | ၃၅၁၅၇၅ | ၃၂၄၅၅၇ | ၉၂၇၈ |
| ၉။ | စပိန် | ၃၂၉၇၂၁ | စိစစ်ဆဲ | ၂၈၄၄၁ |
| ၁၀။ | အီရန် | ၃၀၁၅၃၀ | ၂၆၁၂၀၀ | ၁၆၅၆၉ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀– ၇ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၆၃၃၆ | ၆၄၂၉၂ | ၅၀၅၈ |
| ဖိလစ်ပိုင် | ၈၉၃၇၄ | ၆၅၀၆၄ | ၁၉၈၃ |
| စင်ကာပူ | ၅၁၈၀၉ | ၄၆၀၉၈ | ၂၇ |
| မလေးရှား | ၈၉၆၄ | ၈၆၁၇ | ၁၂၄ |
| ထိုင်း | ၃၃၀၄ | ၃၁၁၁ | ၅၈ |
| ဗီယက်နမ် | ၄၆၄ | ၃၆၉ | ၀ |
| မြန်မာ | ၃၅၃ | ၂၉၅ | ၆ |
| ကမ္ဘောဒီးယား | ၂၃၄ | ၁၆၂ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၁ |

# မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၇၄ ဦး ဝင်ရောက်

မြဝတီ ဇူလိုင် ၃၀

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၇၄ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဓာတ်ပုံ)



ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀ ၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ယနေ့ ဇူလိုင် ၃၀ ရက်အထိ ၁၈၂၅၄ ဦး စုစုပေါင်း ၅၅၂၇၂ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၆၃ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၂၇၄ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ Food Safety Project အစီအစဉ်ဖြင့် တောင်သူများအား လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

ပြင်ဦးလွင် ဇူလိုင် ၃၀

ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၉ – ၂၀၂၀ ခုနှစ် ကိုဗစ်– ၁၉ ကာလအတွင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ Food Safety Project အစီအစဉ်ဖြင့် ကျေးရွာအုပ်စုများမှ တောင်သူများအား လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပသည်။ (ယာပုံ)



အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စက်မှုသီးနှံပညာပေးရေး ) ဦးဇော်ထွန်းမြင့်တို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းနှင့် တာဝန်ရှိသူများက ကုန်းသာကြီးကျေးရွာအုပ်စု ပင်တီကျေးရွာ၊ အင်းယားကျေးရွာ၊ သင်္ဂတုံးကျေးရွာ တောင်သူများအတွက် မိုးကာ ၂၂ ချပ်၊ လက်တွန်းလှည်း ငါးစီး၊ ပလတ်စတစ်ပုံး ၁၂ ပုံး၊ သစ်သီးထည့်ခြင်း ၅၆ လုံး၊ မြေဆွေးပုံပစ္စည်း ၂၇ ပုံ ကိုလည်းကောင်း၊ ဈေးကုန်းကျေးရွာ၊ ညောင်သာယာကျေးရွာနှင့် ပန်းဦးတောင်ကျေးရွာရှိ တောင်သူများအတွက် မှိုမျိုးထုပ် ၁၅၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# Coronavirus Disease 2019(COVID–19)

# ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထု တစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၇–၇–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | တယ်လီနောမြန်မာ | 642.68 |
| ၂။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့အခြေစိုက် ရွှေချိုက်ကုမ္ပဏီ (Kunming Cuicai Trading Co.Ltd) | 185.87 |
| ၃။ | မိဘဆွေမျိုးများ အမှူးထား၍ မောင်သျှိုင်းထက်အောင် (၂၂)နှစ်ပြည့် မွေးနေ့ | 100.00 |
| ၄။ | ဦးမြင့်ဌေး + ဒေါ်ယဉ်သီတာအေး | 100.00 |
| ၅။ | တယ်လီနောမြန်မာ သုံးစွဲသူမိဘပြည်သူများ၏ စာတိုတစ်စောင် အလှူငွေတစ်ထောင် အစီအစဉ် | 57.31 |
| ၆။ | ဆေးတက္ကသိုလ်(၁)၊ (၁၉၈၆) ကျောင်းဆင်းဆရာဝန်များ | 54.73 |
| ၇။ | Sector အသီးသီးရှိ (B.Pharm) ကျောင်းဆင်းများ | 43.10 |
| ၈။ | မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး(၉)ရုံး | 15.00 |
| ၉။ | ဒေါ်ခင်စန်းမြင့် (တွဲဖက်ပြည်နယ်တရားသူကြီး ငြိမ်း) ကွမ်းခြံကုန်း၊ ရန်ကုန် | 10.00 |
| ၁၀။ | ဦးအောင်သန့် (၉၁)နှစ်ပြည့်မွေးနေ့ ၊ကျောက်ကုန်း၊ ရန်ကုန် | 5.00 |
| ၁၁။ | ဒေါ်မြဝင်း (သူနာပြု– ငြိမ်း)၊ ကျောက်မဲမြို့ | 3.00 |
| ၁၂။ | Families and Friends of Shwe Moe International Co.Ltd and Profora Co.Ltd | 2.05 |
| ၁၃။ | မစိုးစန္ဒီထွန်း (ခေတ္တ စင်ကာပူ) အသက် (၃၀)ပြည့်နှစ် မွေးနေ့အလှူ | 2.00 |
| | **စုစုပေါင်း** | **1220.74** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း တောင်သူများ ဈေးကားအစီအစဉ် ထပ်မံတိုးချဲ့ရောင်းချရန် စီစဉ်နေ

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်သူများကိုယ်တိုင် တိုက်ရိုက်ရောင်းချသည့် တောင်သူများ ဈေးကားအစီအစဉ်ကို ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ထပ်မံတိုးချဲ့ရောင်းချရန် စီစဉ်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံမှ သိရသည်။



သန့်ရှင်းလတ်ဆတ်၍ ဈေးနှုန်းသက်သာသော စားဖိုဆောင်သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များကို စားသုံးသူပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူး ရောင်းချလျက်ရှိသော တောင်သူများ ဈေးကား အစီအစဉ်ကို ဇူလိုင် ၁၁ ရက်မှစ၍ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း လှည့်လည်ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် တောင်သူများ ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချနေသော်လည်း နောက်ပိုင်းတွင် ဈေးကား ခုနစ်စီးအထိ တိုးချဲ့ရောင်းချသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးထုတ်လုပ်သူတောင်သူတွေက ကိုဗစ်–၁၉ ကာလကြောင့် အရောင်းအဝယ်တွေ ပါးလာတယ်။ အဲဒါကြောင့် သူတို့ထုတ်ကုန်တွေကို ဝယ်သူလက်ထဲ တိုက်ရိုက်ရောင်းနိုင်အောင် ကူညီဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ တိုက်ရိုက်ရောင်းတာဖြစ်တဲ့အတွက်ရယ်၊ ဝယ်သူတွေအတွက်လည်း စိတ်ချလက်ချ ဝယ်နိုင်တဲ့အတွက် ဒီနှစ်ခုကို ပေါင်းစပ်ပေးတဲ့ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ပေးတာပါ" ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက ပြောကြားသည်။

တောင်သူများ ဈေးကားတွင် ပင်းတယ၊ မော်လမြိုင်၊ မှော်ဘီ၊ လှည်းကူး၊ ရန်ကုန်၊ ပြင်ဦးလွင်၊ မြစ်ကြီးနားတို့မှ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ GAP လက်မှတ်ရ သီးနှံစုံများဖြစ်သည့် အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မှို၊ တညင်းသီး၊ နဂါးမောက်သီး၊ ကျွဲကော၊ ဖရဲနှင့် လတ်ဆတ်သော ဟင်းရွက်စုံများကို ရောင်းချပေးနေခြင်းဖြစ်သည်။

တောင်သူများဈေးကား အစီအစဉ်ကို မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ပေါင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပေါင် ဇူလိုင် ၃၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၈ ရက်က မွန်ပြည်နယ် ပေါင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၊ Cash For Work ရွေ့ပြောင်းစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် လူထုဗဟိုပြုစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပန်းကုန်းကျေးရွာအုပ်စု သင်ပေါင်းချောင်ကျေးရွာ RC နှစ်ထပ်ကျောင်း ဆောက်လုပ်ခြင်း၊ ဥတ္တံတားကျေးရွာအုပ်စု ဥတ္တံတား(အပြင်)ရွာ ကျေးရွာခန်းမ တည်ဆောက်ခြင်း၊ Cash For Work Pilot ကျေးရွာဖြင့် စတင် ဆောင်ရွက်ခဲ့သည့် ကျုံကကျေးရွာအုပ်စု ကရင်စုကျေးရွာ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားသည်။

ကရင်စုကျေးရွာ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Cash For Work ရွေ့ပြောင်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ပံ့ပိုးပေးပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ကာ ကိုဗစ် –၁၉ ကာလအတွင်း လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများကို လျော့နည်းသက်သာစေရေးနှင့် ဒေသခံပြည်သူများ ဝင်ငွေရရှိစေရေး လုပ်အားခချက်ချင်းပေးချေသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးဝင်း (ကျေးလက်)**

## ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လမ်းပေါ်နေကလေးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ကပ်ရောဂါ ကျရောက်နေသည့် အချိန်တွင် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ထိခိုက်လွယ်အခြေအနေတွင် ရှိသော လမ်းပေါ်နေကလေးသူငယ်များအတွက် လုပ်ငန်းစီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

၎င်းစီမံချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆက်စပ်အစိုးရဌာနအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် UNICEF (မြန်မာ), World Vision, TDHL, Plan International၊ Kinnected Myanmar တို့နှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းပေါ်နေကလေး အိမ်ထောင်စု ၂၆ စုအတွက် အခြေခံစားသောက်ကုန်များ ဝယ်ယူရန်နှင့် ကိုဗစ်–၁၉ ကာကွယ်ရေး ပစ္စည်းများ ဝယ်ယူနိုင်ရန် ထောက်ပံ့ပေးခဲ့သည်။

ယခုအခါတွင် ကိုဗစ်–၁၉ ကပ်ရောဂါ၏ ဆိုးကျိုးသက်ရောက်မှုကို ကာကွယ်ရန်နှင့် ကပ်ရောဂါကာလအတွင်း လမ်းပေါ်နေကလေးများနှင့် ၎င်းတို့၏ မိသားစုများကို အခြေခံစားသောက်ကုန်နှင့် တစ်ကိုယ်ရေသုံး ကျန်းမာရေးပစ္စည်းများကို ထောက်ပံ့နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးတွင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်မြို့နယ်များရှိ လမ်းပေါ်နေကလေးများ၏ အိမ်ထောင်စု ၂၀၀ ၏ အခြေခံသတင်းအချက်အလက် ကောက်ယူရန်သင်တန်းကို ဇူလိုင် ၂၂ ရက်တွင် ပို့ချခဲ့ပြီး ဇူလိုင် ၂၅ ရက်အထိ မြို့နယ် ခြောက်မြို့နယ်ရှိ လမ်းပေါ်နေကလေးတို့၏ အခြေခံ သတင်းအချက်အလက်များ ကောက်ယူခဲ့သည်။

ထို့နောက် ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ လမ်းပေါ်နေကလေး အိမ်ထောင်စု ၂၀၀ အတွက် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်နှင့် တစ်ကိုယ်ရေသုံး ကျန်းမာရေးပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။ လမ်းပေါ်နေကလေးများအား ကိုဗစ်–၁၉ ကာလအတွင်း အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းအားဖြင့် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ၎င်းတို့အပေါ် အလွဲသုံးစားပြုခြင်းအား ကာကွယ်တားဆီးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း၊ ၎င်းစီမံချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဇွန် ၆ ရက်မှ ဇူလိုင် ၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့တွင် လမ်းပေါ်နေကလေးများအား ထောက်ပံ့ခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျစီမံဆောင်ရွက်ပေးဝေလျက် ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့(WUG)များနှင့်အတူ **"ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်"** ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



တွံတေးမြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၆ ရက်က ကျွန်းတောရပ်ကွက်ရှိ "မိဘဂုဏ်" ဘိုးဘွားရိပ်သာနေ အဘိုးအဘွား ၃၄ ဦးအား ဆန်တစ်အိတ်၊ ဆီခြောက်ပိဿာနှင့် နှာခေါင်းစည်းအခု ၅၀ ပါ သုံးဘူးလှူဒါန်းရာ ဘိုးဘွားရိပ်သာ တာဝန်ခံ ဒေါ်လှမြင့်နှင့် အဘိုးအဘွားများက လက်ခံယူစဉ်။

ရဲပြန်ကြား

ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နို့ကျေးရွာ ဂျာနယ်
ထွက်ရှိ

၁-၈-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၁၅)တွင်
- ပိုက်ဆံလျှော်စိုက်ပျိုးခြင်းနှင့် ကမ္ဘာကြီး၏ ကျန်းမာရေး
- စပါးသီးနှံပိုးမွှားရောဂါ ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းပါ
- ဘက်စုံအသုံးဝင် နံ့စားပြောင်းဖူးပင်
- ဝက်မွေးမြူရေးနှင့် ဝက်ငယ်ကလေးများ နို့ခွဲချိန်ကာလ
- ကျွဲ နွား သိုး ဆိတ်မွေးမြူရေးအတွက် အစာစီမံခန့်ခွဲမှု (၂)
- ကိုဗစ် -၁၉ ပုံစံအသစ်နှင့် ကမ္ဘာ့ရွာ
- မိုးရာသီနှင့် ရင်သွေးငယ်များ ကျန်းမာရေး
- အထူးသတိပြုရမည့် မှိုအဆိပ်အန္တရာယ်
- ငါးစားသုံးခြင်း၏ အကျိုးကျေးဇူး အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။



တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၇ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၇ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၃ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၄၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၆ | ၄၈၃၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၁၅၄၃ | ၄၃၂၈၆၂၅၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၉ | ၁၂၉၈၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၄ | ၃၉၂၀၀ |
| EFR | ၂၇၅၀ | ၂၈၀၀ | ၅၄၃ | ၁၅၁၇၉၀၀ |

ခင်ရတနာ - စုစည်းသည်




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာနှင့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ အခြေခံမူများ**

၆၃။ (က) လိုင်စင်ရရှိသူတစ်ဦး သို့မဟုတ် တစ်ဆင့်ခံလုပ်ငန်း ဆောင်ရွက်သူတစ်ဦးသည် ဤအပိုင်းပါ ပြင်ဆင်ပြောင်းလဲမှုများနှင့် မဆန့်ကျင်စေဘဲ ဤဥပဒေနှင့်အညီ အခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ခ) လိုင်စင်ရရှိသူတစ်ဦး သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်း ဆောင်ရွက်သူတစ်ဦးအပေါ် အခွန်စည်းကြပ်ရာ၌ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေ၏ ကျန်အပိုင်းပါ ပြဋ္ဌာန်းချက်များအကြား ရှေ့နောက်မညီညွတ်မှုတစ်စုံတစ်ရာရှိလျှင် ဤအပိုင်းက လွှမ်းမိုးစေရမည်။

(ဂ) အောက်ပါတို့နှင့်စပ်လျဉ်း၍ ဇယား ၆ ပါအတိုင်း အကျိုးသက်ရောက်စေရမည် –

(၁) လိုင်စင်ရရှိသူတစ်ဦးနှင့် အကျုံးဝင်သည့် ဝင်ငွေခွန်နှင့် အခြေပစ္စည်းမှ မြတ်စွန်းခွန်နှုန်းများ၊

(၂) လိုင်စင်ရရှိသူတစ်ဦးက ပြည်ပနေ တစ်ဆင့်ခံလုပ်ငန်း ဆောင်ရွက်သူတစ်ဦးအား ပေးချေမှုများနှင့် အကျုံးဝင်သည့် ဝင်ငွေခွန်နှုန်းများ၊

(၃) ဤအပိုင်းအရ နုတ်ပယ်ခွင့်မပြုနိုင်သည့် အချို့သော ကုန်ကျစရိတ်များ၏ နုတ်ပယ်နိုင်ခွင့်။

(ဃ) ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့ဝယ်ယူသူနှင့် ရောင်းချသူတို့သည် တွဲဖက်လုပ်ကိုင်သူများ ဖြစ်နေလျှင် ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့၏ ပြင်ပဈေးကွက် ပေါက်ဈေးကို စည်းမျဉ်းများနှင့်အညီ သတ်မှတ်ဆုံးဖြတ်ရမည်။

(င) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၇ နှင့် ဤဥပဒေ၏ ပုဒ်မ ၁၀၂ တို့တွင် မည်သို့ပင်ဆိုစေကာမူ –

(၁) ဤအပိုင်းအရ ထည့်သွင်းစဉ်းစားသည့် ငွေကြေးပမာဏ တစ်ရပ်ကိုနိုင်ငံခြားငွေဖြင့် ဖော်ပြနိုင်ရန် ပြည်ထောင်စုဝန်ကြီးသည် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်၊ ထို့ပြင်

(၂) အောက်ပါငွေကြေးပမာဏများကိုလည်း အမေရိကန်ဒေါ်လာဖြင့် ပေးချေနိုင်သည် –

(ကက) လိုင်စင်ရရှိသူက ဆောင်ရွက်သည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများမှ ဝင်ငွေနှင့်စပ်လျဉ်း၍ ယင်းလိုင်စင်ရရှိသူက ပေးဆောင်ရမည်ဖြစ်သည့် မည်သည့်အခွန်မဆိုနှင့်

(ခခ) လိုင်စင်ရရှိသူတစ်ဦးက ဆောင်ရွက်သည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ယင်းလိုင်စင်ရရှိသူအား ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများမှ ရရှိသည့်ဝင်ငွေအပေါ် တစ်ဆင့်ခံလုပ်ငန်း ဆောင်ရွက်သူတစ်ဦးက ပေးဆောင်ရန်ရှိသည့် မည်သည့်အခွန်မဆို။

**ရှာဖွေခြင်းဆိုင်ရာ အသုံးစရိတ်**

၆၄။ (က) လိုင်စင်ရရှိသူက ကျခံရသည့် ရှာဖွေခြင်းဆိုင်ရာ အသုံးစရိတ်သည် ကိုက်ညီသည်ဟု ယူဆလျက် ပုဒ်မ ၂၆ နှင့် ပုဒ်မ၂၇ ပါ ပြဋ္ဌာန်းချက်များသည် ယင်းအသုံးစရိတ်ပေါ်တွင် အောက်ပါအတိုင်း အကျိုးသက်ရောက်စေရမည် –

(၁) တန်ဖိုးလျော့နှုန်း ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ပစ္စည်းများဖြစ်ခြင်း၊ ထို့ပြင်

(၂) စီးပွားဖြစ်ထုတ်လုပ်မှု စတင်ချိန်တွင် ကျခံခဲ့ခြင်း။

(ခ) လိုင်စင်ရရှိသူတစ်ဦးက ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် သီးသန့်ရည်ရွယ်ချက်ဖြင့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ရပ်ကို ရယူလျှင် –

(၁) အကျုံးဝင်သည့် တန်ဖိုးလျော့နှုန်းမှာ ၁၀၀ ရာခိုင်နှုန်းဖြစ်ပြီး

(၂) ယင်းအသုံးစရိတ်ကို စီးပွားဖြစ်ထုတ်လုပ်မှု စတင်ချိန်တွင် ကျခံခဲ့သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တွင် မည်သို့ပင်ဆိုစေကာမူ၊ ထို့ပြင် ဇယား ၆ တွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ရှာဖွေခြင်းဆိုင်ရာ အသုံးစရိတ် သို့မဟုတ် ရှာဖွေခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အသုံးပြုသည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ရပ်၏ ကုန်ကျစရိတ်ကို ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးရရှိသည့် လိုင်စင်ရရှိသူက ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး၏ သတ်မှတ်ချက်များအရ ပြန်လည်ရယူနိုင်ကြောင်း အတိအလင်း ဖော်ပြထားခြင်းမရှိလျှင် နုတ်ပယ်နိုင်ခွင့် မရှိစေရ။

**သယံဇာတတူးဖော်ထုတ်ယူခြင်းဆိုင်ရာ အသုံးစရိတ်**

၆၅။ (က) ပုဒ်မခွဲ (ခ) နှင့် မဆန့်ကျင်စေဘဲ လိုင်စင်ရရှိသူတစ်ဦးက ရေနံတူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ သယံဇာတတူးဖော်ထုတ်ယူခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျခံရသည့် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ မတည်စရိတ်သည် တန်ဖိုးလျော့နှုန်း ၂၅ ရာခိုင်နှုန်းနှင့် ညီမျှသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ ရရန်ပိုင်ခွင့်ဖြစ်သည်ဟု ယူဆလျက် ပုဒ်မ ၂၆ နှင့် ၂၇ ပါ ပြဋ္ဌာန်းချက်များသည် ယင်းအသုံးစရိတ်ပေါ်တွင် အကျိုးသက်ရောက်စေရမည်၊

(ခ) သယံဇာတတူးဖော်ထုတ်ယူခြင်းဆိုင်ရာ မတည်စရိတ်ကို လိုင်စင်ရရှိသူတစ်ဦးက စီးပွားဖြစ်ထုတ်လုပ်မှု မစတင်မီကျခံရခြင်းဖြစ်သည်ဟု ယူဆလျက် ယင်းအသုံးစရိတ်ကို စီးပွားဖြစ်ထုတ်လုပ်မှု စတင်ချိန်တွင် ကျခံရခြင်းဖြစ်သည်ဟု ယူဆပါက ပုဒ်မ ၂၆ နှင့် ၂၇ ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရမည်၊

(ဂ) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ သယံဇာတ တူးဖော်ထုတ်ယူမှုဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုမည့် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်ကို လိုင်စင်ရရှိသူတစ်ဦးက စီးပွားဖြစ်ထုတ်လုပ်မှု မစတင်မီရယူခြင်း သို့မဟုတ် တည်ဆောက်ခြင်းဖြစ်ပါက ယင်းရရန်ပိုင်ခွင့်သည် စီးပွားဖြစ်ထုတ်လုပ်မှု စတင်ချိန်တွင် ရယူခြင်း သို့မဟုတ် တည်ဆောက်ခြင်း ဖြစ်ဘိသကဲ့သို့ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ၂၈ ပါ ပြဋ္ဌာန်းချက်များသည် ယင်းရရန်ပိုင်ခွင့်အပေါ် အကျိုးသက်ရောက်စေရမည်၊

(ဃ) ပုဒ်မခွဲ (ခ) တွင် ရည်ညွှန်းသည့် သယံဇာတ တူးဖော်ထုတ်ယူမှုဆိုင်ရာ မတည်စရိတ်တွင်ဖြစ်စေ၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသည့် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တွင် ဖြစ်စေ စီးပွားဖြစ်ထုတ်လုပ်မှုစတင်သည့် အခွန်နှစ်အတွက် နုတ်ယူရန်ပမာဏကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

$$A \times \frac{B}{C}$$

ယင်းတွင် –

A သည် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်ပမာဏ သို့မဟုတ် အသုံးစရိတ် ပမာဏ ဖြစ်သည်၊

B သည် စီးပွားဖြစ်ထုတ်လုပ်မှု စတင်သည့်ရက်မှစ၍ စီးပွားဖြစ်ထုတ်လုပ်မှု ပြုလုပ်သည့် အခွန်နှစ်၏ နောက်ဆုံးရက်အထိ ကာလအတွင်းရှိ စုစုပေါင်းရက်အရေအတွက်ဖြစ်သည်၊

C သည် စီးပွားဖြစ်ထုတ်လုပ်မှုစတင်သည့် အခွန်နှစ်အတွင်းရှိ စုစုပေါင်းရက်အရေအတွက် ဖြစ်သည်၊

(င) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ) တွင် မည်သို့ပင်ဆိုစေကာမူ၊ ထို့ပြင် ဇယား ၆ တွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ရှာဖွေခြင်းဆိုင်ရာ အသုံးစရိတ် သို့မဟုတ် ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အသုံးပြုသည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ရပ်၏ စရိတ်ကို ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးရရှိသည့် လိုင်စင်ရရှိသူက ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး၏ သတ်မှတ်ချက်များအရ ပြန်လည်ရယူနိုင်ကြောင်း အတိအလင်း ဖော်ပြမထားလျှင် နုတ်ပယ်နိုင်ခွင့် မရှိစေရ။

(စ) လိုင်စင်ရရှိသူတစ်ဦးသည် ထပ်ဆင့်အပ်နှံသည့် သဘောတူစာချုပ်အရမှအပ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်ရှိ အကျိုးစီးပွားတစ်ရပ်ကို ထုခွဲရောင်းချလျှင် ယင်းထုခွဲရောင်းချမှုမှ ပေါ်ပေါက်လာသည့် မည်သည့် အမြတ်အစွန်းမဆိုမှ ယင်းလိုင်စင်ရရှိသူက ကျခံထားပြီး ထုခွဲရောင်းချချိန်၌ ယင်းကပြန်လည်ရယူခြင်း သို့မဟုတ် နုတ်ပယ်ခြင်း မပြုရသေးသည့် သယံဇာတတူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ မည်သည့် မတည်စရိတ် မဆိုကို နုတ်ပယ်ရမည်။

**ပြန်လည်ထူထောင်ရေး အသုံးစရိတ် (Rehabilitation Expenditure)**

၆၆။ (က) ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုင်စင်ရရှိသူတစ်ဦးက အတည်ပြုထားသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်နှင့်အညီ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတစ်ရပ်သို့ ထည့်ဝင်သည့် ပမာဏကို ယင်းသို့ထည့်ဝင်သည့် အခွန်နှစ်အတွက် နုတ်ပယ်ခွင့်ပြုသည်။

(ခ) လိုင်စင်ရရှိသူတစ်ဦး၏ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အတည်ပြုထားသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်၏ လိုအပ်ချက်အရ လုပ်ငန်းဆောင်ရွက်ရာ၌ ယင်းလိုင်စင်ရရှိသူက ကျခံရသည့် အ သုံးစရိတ်တစ်ရပ်ကို ယင်းအသုံးစရိတ် ကျခံရသည့် အခွန်နှစ်အတွက် နုတ်ပယ်ခွင့်ပြုပြီး ယင်းသို့ခွင့်ပြုနိုင်ရန် ယင်းလုပ်ငန်းကို ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လိုင်စင်ရရှိသူ၏ ပြန်လည်ထူထောင်ရေး ရန်ပုံငွေမှ ငွေကြေးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေးချေထားခြင်း မရှိစေရ။

(ဂ) ပြန်လည်ထူထောင်ရေး ရန်ပုံငွေတစ်ရပ်တွင် စုဆောင်းရရှိသည့် ငွေကြေးပမာဏများ သို့မဟုတ် အတည်ပြုထားသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်အရ ကျခံရသည့် အသုံးစရိတ်ကို ဖြည့်ဆည်းနိုင်ရန် ပြန်လည်ထူထောင်ရေး ရန်ပုံငွေတစ်ရပ်မှ ထုတ်ယူထားသည့် ငွေကြေးပမာဏများသည် ကင်းလွတ်ခွင့်ပြုသည့်ဝင်ငွေ ဖြစ်သည်။

(ဃ) ရန်ပုံငွေမှ ထုတ်ယူပြီး လိုင်စင်ရရှိသူထံ ပြန်လည်ပေးအပ်သည့် ငွေကြေးပမာဏကို ယင်းသို့ပြန်လည်ပေးအပ်သည့် အခွန်နှစ်အတွက် လိုင်စင်ရရှိသူ၏ လုပ်ငန်းမှ ဝင်ငွေတွင် ထည့်သွင်းရမည်။

(င) ပြန်လည်ထူထောင်ရေးလုပ်ငန်း ပြီးစီးသည့်အချိန်တွင် လိုင်စင်ရရှိသူတစ်ဦး၏ ပြန်လည် ထူထောင်ရေးရန်ပုံငွေ၌ ကျန်ရှိနေသည့် မည်သည့်ပိုငွေပမာဏမဆိုသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်နှင့် ညီညွတ်လျှင် ယင်းပိုငွေပမာဏကို ယင်းပြန်လည်ထူထောင်ရေးလုပ်ငန်း ပြီးစီးသည့် အခွန်နှစ်အတွက် လိုင်စင်ရရှိသူ၏ လုပ်ငန်းမှ ဝင်ငွေတွင် ထည့်သွင်းရမည် –

(၁) လိုင်စင်ရရှိသူထံသို့ ပြန်အမ်းလျှင် သို့မဟုတ် လိုင်စင်ရရှိသူ၏ မည်သည့် ကြွေးမြီကိုမဆို ပြန်လည်ပေးဆပ်ရာ၌ အသုံးပြုလျှင်၊

(၂) လိုင်စင်ရရှိသူ၏ ညွှန်ကြားချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးသို့ ပေးချေလျှင်။

(စ) ဤပုဒ်မတွင် –

(၁) **အတည်ပြုထားသည့် ပြန်လည်ထူထောင်ရေးအစီအစဉ်** ဆိုသည်မှာ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာတွင်းတစ်ခု ပြန်လည်ထူထောင်ရန် သို့မဟုတ် ရေနံ သို့မဟုတ် ဓာတ်ငွေ့တွင်းတစ်ခုပိတ်သိမ်းရန် သို့မဟုတ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ အကြံပြုချက်အရ ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့် အစီအစဉ်တစ်ရပ်ကို ဆိုသည်။

(၂) **ပြန်လည်ထူထောင်ရေးရန်ပုံငွေ (rehabilitation fund)** ဆိုသည်မှာ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်တွင် ပါဝင်သည့် လိုင်စင်ရသည့် နယ်မြေကို ပြန်လည်ပြင်ဆင်ရေး လုပ်ဆောင်ရန်အတွက် အနာဂတ်ကာလတွင် ပေးချေနိုင်ရန် ယင်းဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးအရ ထူထောင်ထားရန် လိုအပ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် လိုင်စင်ရရှိသူတို့က ပူးတွဲစီမံခန့်ခွဲသော ရန်ပုံငွေ သို့မဟုတ် ငွေစာရင်းတစ်ခုကို ဆိုသည်။

**နုတ်ပယ်မှုများကို ကာကွယ်ထားခြင်း (Ring Fencing Deduction)**

၆၇။ (က) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို လိုင်စင်ရသည့် နယ်မြေတစ်ခုတွင် ဆောင်ရွက်ရာ၌ လိုင်စင်ရရှိသူတစ်ဦးက အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ကျခံရသည့် အသုံးစရိတ် သို့မဟုတ် အရှုံးအတွက် နုတ်ပယ်ခွင့်ကို ယင်းလိုင်စင်ရရှိသူက ယင်းလိုင်စင်ရသည့်နယ်မြေတွင် ယင်းနှစ်အတွင်း ဆောင်ရွက်သည့် ယင်းလုပ်ငန်းများမှရရှိသည့် စည်းကြပ်ထိုက်သော ဝင်ငွေမှသာလျှင် နုတ်ပယ်ခွင့်ပြုသည်။

(ခ) လိုင်စင်ရရှိသူတစ်ဦးက ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို လိုင်စင်ရသည့် နယ်မြေတွင် ဆောင်ရွက်ရာ၌ အခွန်နှစ်တစ်နှစ်အတွင်း စုစုပေါင်းနုတ်ပယ်မှုများသည် လိုင်စင်ရသည့်နယ်မြေတွင် ဆောင်ရွက်သည့် ယင်းလုပ်ငန်းများမှ ရရှိသည့် ယင်းနှစ်အတွက် စုစုပေါင်း စည်းကြပ်ထိုက်သော ဝင်ငွေကို ကျော်လွန်လျှင် ကျော်လွန်သည့် ပမာဏကိုရှေ့သို့ ဆက်လက်သယ်ဆောင်ရမည်ဖြစ်ပြီး ယင်းလိုင်စင်ရရှိသူက လိုင်စင်ရသည့်နယ်မြေ၌ ဆောင်ရွက်မည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများမှ လာမည့်အခွန် နှစ်တွင် ရရှိမည့် စည်းကြပ်ထိုက်သောဝင်ငွေမှ နုတ်ယူခွင့်ပြုသည်။

(ဂ) ပုဒ်မခွဲ (ခ) အရ နုတ်ပယ်ထားခြင်းမရှိသည့် ငွေကြေးပမာဏကို လိုင်စင်ရရှိသူ၏ ရှေ့လာမည့်အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်နိုင်ပြီး ယင်းကာလအတွင်း ပုဒ်မခွဲ (ခ) နှင့်အညီ နုတ်ပယ်ခွင့်ပြုသည်။ ယင်းသို့နုတ်ပယ်ထားခြင်းမရှိသည့် ငွေကြေးပမာဏကို အပြည့်အဝနုတ်ပယ်ပြီးသည်အထိ သို့မဟုတ် လိုင်စင်ရသည့်နယ်မြေတွင် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ ရပ်ဆိုင်းသွားသည်အထိ ယင်းနည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။

(ဃ) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ရရှိသည့် လိုင်စင်ရရှိသူတစ်ဦးက ပေးဝေဖြန့်ဖြူးသည့်နေရာကို ကျော်လွန်လျက် ကျခံထားသည့် မည်သည့်အသုံးစရိတ်ကိုမဆို နုတ်ပယ်ခြင်း မရှိစေရ။

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုဗစ်- ၁၉ ရောဂါကာလ၌ မြန်မာ- တရုတ် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှု အနည်းငယ်ကျဆင်း

**မူဆယ် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်စီးဆင်းမှုသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးနောက် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုအနည်းငယ် ကျဆင်းလာကြောင်း ကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

ယခင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင်ကာလ၌ တစ်ရက်လျှင် ကုန်တင်ယာဉ် အဝင်/ အထွက် စုစုပေါင်း ၈၀၀ ခန့်ရှိပြီး လက်ရှိအချိန်တွင် တစ်ရက်လျှင် ကုန်တင်ယာဉ်အဝင်/အထွက် အစီးရေစုစုပေါင်း၄၀၀ ခန့် အထိ ကျဆင်းလာသည်။ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင်အချိန်က မြန်မာနိုင်ငံ ပြည်တွင်းဘက်မှ တင်ပို့ကုန်မျိုးစုံကို တရုတ်နိုင်ငံဘက်သို့ တင်ပို့နိုင်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းကြောင့် မြန်မာနိုင်ငံ ပြည်တွင်းဘက်မှ ပင်လယ်ရေထွက် ပစ္စည်း၊ ဆန်နှင့် အခြားပို့ကုန်အနည်းငယ်သာ တင်ပို့နိုင်ခြင်းတို့ကြောင့် ကုန်သွယ်စီးဆင်းမှု အနည်းငယ်ကျဆင်းလာခြင်း ဖြစ်သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းကို အကြောင်းပြုပြီး မြန်မာ- တရုတ်နှစ်နိုင်ငံ အဝင်/အထွက်ဂိတ်တွင် တရုတ်နိုင်ငံဘက်က အနည်းငယ်တင်းကျပ်ခြင်းနှင့် ယာဉ်မောင်းလဲလှယ်ခြင်းစနစ်တို့ကြောင့် ကုန်တင်ယာဉ် အဝင်/အထွက် ပိုမိုကြန့်ကြာလာသည်။ ထို့ပြင် တရုတ်နိုင်ငံဘက်မှ ကုန်တင်ယာဉ် အဝင်/အထွက် ကန့်သတ်ခြင်းနှင့် အဝင်/အထွက်ဂိတ်၌ ကုန်တင်ယာဉ်မောင်းလဲလှယ်ခြင်းစနစ်တို့ကြောင့် ကုန်တင်ယာဉ်မောင်းများသည် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်နိုင်ရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေကြရသည်။

ယခင် ကိုဗစ်-၁၉ရောဂါ မဖြစ်ပွားခင်အချိန်က တရုတ်နိုင်ငံဘက်က သွင်းကုန်/ပို့ကုန်သည် ကွာခြားမှုမရှိဘဲ ပျမ်းမျှအနေအထားမှာရှိပြီး လက်ရှိ မြန်မာ- တရုတ် နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှုသည် ပို့ကုန်ထက် သွင်းကုန် ပိုမိုများပြားကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**



မူဆယ်မြို့ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်။

## ရေဆင်း စပ်မျိုးနေကြာ- ၁ မိဘလိုင်း မျိုးသန့်ထိန်းသိမ်းခြင်းသုတေသနဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၀**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဆီထွက်သီးနှံ သုတေသနဌာနစုမှ သုတေသန ပညာရှင်များသည် ရေဆင်းစပ်မျိုးနေကြာ- ၁ ၏ မိဘလိုင်းဖြစ်သော အမလိုင်းမျိုးသန့် ထိန်းသိမ်းပွားများခြင်း သုတေသနလုပ်ငန်းအဖြစ် အမလိုင်း (A) နှင့် မျိုးထိန်းလိုင်း (B) တို့ကို အကွက်လိုက် သီးသန့်စိုက်ပျိုးခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဆင်းစပ်မျိုး နေကြာ-၁ မျိုးသန့်များကို တောင်သူများစဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ရေးအတွက် မိဘလိုင်းမျိုးသန့် ထိန်းသိမ်းခြင်း လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်းနှင့် မျိုးသန့်ထိန်းသိမ်းရာတွင် အကွက်လိုက် သီးသန့်စီ စိုက်ပျိုးခြင်းသည် ပိုမိုသန့်စင်၍ အရည်အသွေးကောင်း မျိုးစေ့များ ရရှိမည်ဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက စိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ် ဆွေးနွေးမှာကြားသည်။



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း ရေဆင်းစပ်မျိုးနေကြာ-၁ မိဘလိုင်း မျိုးသန့်စိုက်ခင်း၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

ရေဆင်းစပ်မျိုးနေကြာ- ၁ သည် ပြည်တွင်းတွင် မျိုးကူးစပ်မွေးမြူ၍ ပထမဆုံး စီးပွားဖြစ် ထုတ်လုပ်သော စပ်မျိုးနေကြာမျိုးဖြစ်ပြီး မိဘမျိုး အတွဲမှာ (A 42 x R 15) ဖြစ်ကြောင်း၊ ရေဆင်းစပ်မျိုး နေကြာ- ၁ ၏ အရည်အချင်းလက္ခဏာများမှာ သက်တမ်း (၈၀- ၈၅) ရက်၊ အပင်အမြင့် (၄ - ၄ ဒသမ ၅) ပေ၊ အပွင့်အချင်း (၅ - ၉) လက်မ၊ အစေ့တစ်ထောင်အလေးချိန် (၄၅- ၅၀) ဂရမ်၊ တစ်ဧကအထွက် (၅၅- ၆၀) တင်း၊ ဆီထွက်ရာခိုင်နှုန်း (၄၈- ၅၁) ဖြစ်ပြီး၊ ထူးခြားချက်မှာ အသက်လျင်ခြင်း၊ ယိုင်လဲမှုဒဏ်ခံနိုင်ရည်ရှိခြင်းနှင့် ရွက်ခြောက်ရောဂါ ဒဏ်ခံနိုင်ရည်ရှိခြင်းတို့ ဖြစ်ကြောင်း သိရသည်။ **မေမိုးသဲ**

## ပန်နန်းဒင်မြို့၌ စပါးသီးနှံများ ပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့

**ပန်နန်းဒင် ဇူလိုင် ၃၀**

ကချင်ပြည်နယ် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့၌ ၂၀၁၉ ခုနှစ် မိုးရာသီတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် တောင်သူများအတွက် အရေးပေါ်ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က ပန်နန်းဒင်မြို့ ခါကာဘိုရာဇီခန်းမ၌ ပြုလုပ်သည်။

ထို့နောက် မြို့သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြို့စိုက်ပျိုးရေးဦးစီးမှူး ဦးညီညီအောင်နှင့်တာဝန်ရှိသူများက ၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း စပါးသီးနှံများပျက်စီးသွားသည့် ပန်နန်းဒင်မြို့ရှိ တောင်သူများ၏ တောင်ယာစိုက်စပါးတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၂၈ ဧကအတွက် ငွေကျပ် ၂၈၀၀၀၀ ကို တောင်သူတစ်ဦးချင်းစီ၏ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

**နောယော်ဘော်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာ လျှပ်စစ်မီးလင်းနိုင်ရေး ထရန်စဖော်မာများ တည်ဆောက်

**မိတ္ထီလာ ဇူလိုင် ၃၀**

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာများ တည်ဆောက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ၍ ၃၃ ကေဗွီဓာတ်အားလိုင်း ၀ ဒသမ ၅ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၇ ဒသမ ၂၈၈ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ သုံးလုံး၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ခြောက်လုံး၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁/ ၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ကိုးလုံး၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို ဇူလိုင်လပထမပတ်မှစတင်၍ တည်ဆောက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများ ပြီးစီးပါက မြို့နယ်အတွင်းရှိ သပြေပင်၊ ညောင်ပင်သာ(မြောင်းပေါက်)၊ ကျောက်ပုံ ကန်၊ သံဘို၊ အုံတုံ၊ သပြေကန်(မြောက်)၊ ပျော်ကုန်း၊ လျှော်ဖြူကန်၊ ရေထွက်၊ ကမ်းပါးတဲ၊ တဲလှ၊ မိုးကောင်း၊ မကျီးကုန်း၊ စည်ပင်သာ၊ လျှော်ဖြူပင်၊ ဆင်စွယ်ရ၊ ရွာတန်း၊ အောင်ပန်း၊ ထနောင်းကုန်း၊ သပြေကန်(တောင်)၊ အင်းကန်ကျေးရွာတို့တွင် လျှပ်စစ်မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာတိုင်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် လည်းကောင်း၊ Public Finance Initiative (PFI) စနစ်ဖြင့် လည်းကောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ဖြင့် လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၈ အုပ်စု ကျေးရွာ ၃၈၀ ရှိသည့်အနက် ကျေးရွာပေါင်း ၂၃၆ ရွာမီးလင်းပြီဖြစ်၍ ကျန်ရှိသည့် ကျေးရွာများကိုလည်း လျှပ်စစ်မီးရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသန်းလှိုင်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြေပုံမြို့နယ်၌ ဆိုလာအသေးစား လျှပ်စစ်ဓာတ်အားစနစ်တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မြောက်ဦး ဇူလိုင် ၃၀**

မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြေပုံမြို့နယ် ကျွန်းသာယာ ကျေးရွာ ဆိုလာအသေးစားလျှပ်စစ်ဓာတ်အားစနစ် ဆောင်ရွက်နေမှုကို ယမန်နေ့က ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးညီညီဆွေ၊ မြို့နယ်ကျေးလက်ဒေသဦးစီးဌာန ဦးစီးမှူး ဦးဘစောနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်၍ ကျွန်းသာယာကျေးရွာရှိ မီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး တာဝန်ရှိသူတို့က ယင်းလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းမှာကြားသည်။

အဆိုပါ အသေးစားဆိုလာစနစ် လျှပ်စစ်ဓာတ်အားလိုင်းစနစ်အား Mega Global Green Automation ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၆၀၀ခန့်အား လျှပ်စစ်မီး ဖြန့်ဝေပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## တရားမဝင်ငါးဖမ်းဆီးခြင်းနှင့် တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ အင်းစိန်မြို့နယ် ငါးလုပ်ငန်း အတတ်သင် သိပ္ပံ(ကြို့ကုန်း)တွင် တရားမဝင်ငါးဖမ်းဆီးခြင်းနှင့် တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းစနစ်ပွဲနင်းသင်တန်းတွင် ဘာသာရပ်ရှစ်ခုဖြင့် အပတ်စဉ်လေးခု ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကိုဗစ်- ၁၉ ကာလတွင် ရေလုပ်သားများ လိုက်နာသိရှိရမည့်သင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး ယခု ပွဲနင်းသင်တန်းတွင် အလုပ်သမားဥပဒေများ၊ ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာများ၊ ရေသယံဇာတများ ဆက်လက်ထိန်းသိမ်းကာကွယ်ရန် သုတေသန ပြုထားသော အကြောင်းအရာများ၊ မျိုးစိတ်ရှားပါးရေသတ္တဝါများ ထိန်းသိမ်းထားရှိမှုဆောင်ရွက်ထားရှိရေး၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် အသက်အန္တရာယ် ကင်းရှင်းရေး၊ ငါးမျိုးပြုန်းတီးစေသောနည်းလမ်းဖြင့် ဖမ်းဆီးပါက ရေသယံဇာတ ပြုန်းတီးခြင်းနှင့် ငါး၊ ပုစွန် သိုလှောင်ထိန်းသိမ်း ကိုင်တွယ်နည်းစသော ဘာသာရပ်များကို တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးခြင်းဆိုင်ရာနည်းလမ်းများ စသော ခေါင်းစဉ်ဖြင့် သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ပွဲနင်းသင်တန်းကို ဇူလိုင်၂၂ ရက်မှ ၂၄ ရက်အထိ အပတ်စဉ် (၁)၊ ဇူလိုင်၂၇ ရက်မှ၂၉ ရက်အထိ အပတ်စဉ်(၂)၊ ဩဂုတ်၅ ရက်မှ၇ ရက်အထိ အပတ်စဉ်(၃)နှင့် ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ အပတ်စဉ်(၄)ဖြင့် ဖွင့်လှစ်ပြီး သင်တန်းကာလသုံးရက်တွင် သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၃၀ အား ဌာနဆိုင်ရာများနှင့် အငြိမ်းစားများ၊ ဥပဒေပညာရှင်များက သင်ကြားပေးခြင်း ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

# တောမဲ့မြေသား၊ ရေတိုက်စား၏

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ( ၃၁ )
# ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေဖို့ မဲစာရင်းသွားရောက်ကြည့်ကြပါစို့

မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပါမည်။ ရွေးကောက်ပွဲတစ်ခု၏ အရေးကြီးဆုံးဖြစ်သော မဲဆန္ဒရှင်စာရင်းများကို ယနေ့အချိန်တွင် ကပ်ထားကြေညာလျက်ရှိသည်။ မဲစာရင်းသည် ဘာကြောင့်အရေးကြီးပါသလဲ။ ဘာကြောင့် မဲစာရင်းကို သွားရောက်ကြည့်ရှုကြရန် လိုအပ်ပါသလဲ။ အနှစ်ချုပ်၍ မျှဝေပါရစေ။

**မေတ္တာရပ်ခံချက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၄-၇-၂၀၂၀ ရက်နေ့က မဲဆန္ဒရှင်ပြည်သူများကို ဤသို့ မေတ္တာရပ်ခံချက်ထုတ်ပြန်ခဲ့သည်-

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိစေရန် ၂၀၁၉ ခုနှစ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကိုပြုစုခဲ့ပြီး လစဉ်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်စစ်ဆေးပြီး လိုအပ်ပါက အောက်ပါလုပ်ငန်း (၃) မျိုးကို ဆောင်ရွက်နိုင်ပါသည်-

(က) မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း။

(ခ) မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ခြင်း။

(ဂ) မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄- ဂ)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း။

လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ (အခမဲ့) ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် (နောက်ဆုံးအကြိမ်) အဖြစ် ၁၄ ရက်ကြာ (ထပ်မံ) ကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ( ထပ်မံ ) ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးပိုင်ခွင့်ရရှိနိုင်မည်ဖြစ်ပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်စစ်ဆေးကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက် ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မဲစာရင်းကြည့်ရှုခြင်းသည် ဘာကြောင့်အရေးကြီးပါသနည်း။**

မဲစာရင်းတွင် မိမိ၏အမည်ပါရှိမှသာ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးကို ရရှိသည်။ အချို့သောသူများက မိမိတို့သည် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည်။ နိုင်ငံသားဖြစ်သည်။ မဲပေးပိုင်ခွင့် အခွင့်အရေးရှိနေပြီဟု မှတ်ယူထားတတ်ကြသည်။ ယင်းမှတ်ယူထားသော အချက်များသည် ပြည့်စုံမှုမရှိပါ။ ယင်းအချက် (၂) ချက်တည်းနှင့် ဆန္ဒမဲပေးပိုင်ခွင့်

> **"အချို့သောသူများက မိမိတို့သည် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်သည်။ နိုင်ငံသားဖြစ်သည်။ မဲပေးပိုင်ခွင့် အခွင့်အရေးရှိနေပြီဟု မှတ်ယူထားတတ်ကြသည်။ ယင်းမှတ်ယူထားသော အချက်များသည် ပြည့်စုံမှုမရှိပါ။ ယင်းအချက် (၂) ချက်တည်းနှင့် ဆန္ဒမဲပေးပိုင်ခွင့် မရရှိသေးပါ။ မဲစာရင်းထဲတွင် မိမိ၏အမည်ပါရှိမှသာ မဲပေးပိုင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မဲစာရင်းတွင် မိမိ၏အမည်ပါဝင်ခြင်းရှိ မရှိ သွားရောက်ကြည့်ရှုထားရပါမည်"**

မရရှိသေးပါ။ မဲစာရင်းထဲတွင် မိမိ၏အမည်ပါရှိမှသာ မဲပေးပိုင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မဲစာရင်းတွင် မိမိ၏အမည်ပါဝင်ခြင်းရှိ မရှိ သွားရောက်ကြည့်ရှုထားရပါမည်။

အချို့က မိမိတို့သည် ယခင်ရွေးကောက်ပွဲများတွင်လည်း ဆန္ဒမဲပေးခဲ့ဖူးကြသည်။ ယခုအကြိမ်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရရှိနေမှာပဲဟု မှတ်ယူထားကြသည်။ ဤသည်မှာလည်း အရေးကြီးပါသည်။ ယခင်က ဆန္ဒမဲပေးပြီးဖြစ်သော်လည်း ယခုအကြိမ်တွင်လည်း မဲစာရင်းတွင် မိမိ၏ အမည်ပါရှိမှသာ မဲပေးပိုင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မဲစာရင်းတွင် မိမိ၏အမည်ပါဝင်ခြင်း ရှိ မရှိကို သွားရောက်ကြည့်ရှု စစ်ဆေးရပါမည်။

**မဲစာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် တာဝန်ရှိခြင်း**

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၉ တွင် " ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိကို လာရောက်ကြည့်ရှုရန် တာဝန်ရှိသည်" ဟူ၍ ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ မဲစာရင်းတွင် မိမိ၏ အမည်ပါဝင်ခြင်း ရှိ မရှိ သွားရောက်ကြည့်ရှုစစ်ဆေးရန် မဲဆန္ဒရှင်ကိုယ်တိုင်တွင် တာဝန်ရှိပါသည်။

သို့ရာတွင် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦးက သွားရောက်၍ ကြည့်ရှုစစ်ဆေးလျှင် လုံလောက်ပါသည်။ ထိုသူက မိမိတို့၏ဆန္ဒမဲပေးပိုင်ခွင့်ရှိ အိမ်ထောင်စုဝင်အားလုံးအတွက် ကြည့်ရှုစစ်ဆေး၍ ရပါသည်။ ထို့ပြင် မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုအတွက်သာမက မိမိ၏သူငယ်ချင်း အပေါင်းအသင်းများ၊ ဆွေမျိုးသားခြင်းများ၊ အိမ်နီးနားချင်းများအတွက်လည်း မဲစာရင်းတွင် ပါဝင်ခြင်း ရှိ မရှိ ကြည့်ရှုစစ်ဆေးနိုင်ပြီး ပါဝင်ခြင်းမရှိပါက ထိုသို့ပါဝင်ခြင်းမရှိကြောင်း သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားနိုင်ပါသည်။

ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းကပ်ထားကြေညာခြင်းကို သွားရောက်၍ လေ့လာကြည့်ခဲ့ဖူးသည်။ အမျိုးသမီးမဲဆန္ဒရှင်တစ်ဦးက မဲစာရင်းများကို တစ်ရွက်ပြီးတစ်ရွက် ကြည့်ရှုသည်။ ၎င်းတွင်ပါလာသော စာရွက်ဖြင့်ရေးမှတ်နေသည်။ ဘာဖြစ်လို့ဒီလိုကြည့်ရှုပြီး ရေးမှတ်နေပါသလဲလို့ မေးမြန်းကြည့်တော့၊ ကျွန်မတို့နေသည့်တိုက်ခန်းက ၆ ခန်းတွဲ ၆ထပ်၊ အိမ်ထောင်စုပေါင်း ၃၆ ခု ရှိသည်။ သူတို့အားလုံးကို ကျွန်မသိသည်။ သူတို့အားလုံး ပါ မပါ ကြည့်ရှုစစ်ဆေးနေပါတယ်ဟု အမျိုးသမီးက ပြန်ဖြေသည်။ သူတို့အားလုံးပါရဲ့လားလို့ ဆက်မေးမြန်းတော့ ပါ ပါတယ် အမှတ်စဉ်များပါ မှတ်သားထားတယ်။ သူတို့အားလုံးကို ကျွန်မပြန်ပြောပြမှာပါဟု ပြောပြန်သည်။ စိတ်ထဲတွင် အမျိုးသမီး၏တာဝန်သိမှုအတွက် ချီးကျူးဂုဏ်ယူမိသည်။ ယနေ့အထိ မေ့မရဖြစ်နေသည်။

**မသန်စွမ်းသူများအတွက်**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းသူများ ဆန္ဒမဲပေးပိုင်ခွင့် အပြည့်အဝရရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ မဲစာရင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မသန်စွမ်းသူ မဲဆန္ဒရှင်ဦးရေ ၈၄၀၃၃ ဦး ရှိသည်။ ထိုသူများ မဲစာရင်းတွင်ပါရှိမှုနှင့် မည်သည့်အမှတ်စဉ်တွင် ပါရှိကြောင်း အချက်အလက်ဖော်ပြမှုများ မှန်ကန်ကြောင်းသိရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပေးရန် လိုအပ်ပါသည်။ မဲစာရင်းတွင် မသန်စွမ်းသူများ မကျန်ရှိစေရေးအတွက်လည်း တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပေးရန် လိုအပ်သည်။

**မည်သည့်အချက်များကို ကြည့်ရှုစစ်ဆေးရပါမည်နည်း။**

မဲစာရင်းကိုကြည့်ရှုစစ်ဆေးသည့်အခါ မိမိ၏အမည်ပါရှိပါသလား၊ အမည်ဖော်ပြထားခြင်းမှာ မှန်ကန်ပါသလား၊ ဖခင်အမည်၊ မိခင်အမည်၊ မိမိ၏မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာတို့ ဖော်ပြထားခြင်းမှာ မှန်ကန်ပါသလား ကြည့်ရှုစစ်ဆေးကြရမည်။ မိမိအတွက်၊ မိမိ၏မိသားစုအတွက်၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းများအတွက် မဲစာရင်းတွင် ပါ မပါ ကြည့်ရှုစစ်ဆေးကြရသကဲ့သို့ မဲစာရင်းတွင် မပါသင့်ဘဲ ပါဝင်နေသောသူများ ရှိ မရှိကိုလည်း ကြည့်ရှုစစ်ဆေးကြရမည်။

**ကြည့်ရှုစစ်ဆေးပြီးနောက် မည်သို့ဆောင်ရွက်ကြရမည်နည်း**

မဲစာရင်းကိုကြည့်ရှုစစ်ဆေးပြီးနောက် မိမိတို့၏ အမည်ပါရှိပြီး ဖော်ပြထားသည့် အချက်အလက်များ ပြည့်စုံမှန်ကန်လျှင် မိမိတို့၏ မဲစာရင်းအမှတ်စဉ်ကို မှတ်သားထားခြင်းဖြင့် ဆန္ဒမဲပေးရာတွင် အဆင်ပြေပါသည်။

မိမိ၏အမည်မပါရှိလျှင် ပုံစံ(၃)တွင် ပြည့်စုံစွာရေးသွင်းပြီး မဲစာရင်းတွင် ထည့်သွင်းပေးဖို့ တောင်းဆိုလွှာ တင်သွင်းရမည်။ မိမိ၏အမည်ပါရှိသော်လည်း အမည်ဖော်ပြမှု မမှန်ကန်လျှင် အချက်အလက်များ ဖော်ပြမှု မှားယွင်းနေလျှင် ပုံစံ (၄-ဂ)တွင် ပြင်ဆင်လွှာ လျှောက်ထားရမည်။ အကယ်၍ မဲစာရင်းတွင် မပါဝင်သင့်သူများပါဝင်နေလျှင် ပုံစံ (၄) တွင် ပြည့်စုံစွာရေးသွင်း၍ ကန့်ကွက်လွှာတင်သွင်းနိုင်သည်။ ယင်းပုံစံများ ရယူဖြည့်သွင်းပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသို့ တင်ပြလျှောက်ထားကြရမည်ဖြစ်သည်။

**မဲစာရင်းကြည့်ရှုစစ်ဆေးခြင်း၏အကျိုးရလဒ်**

မဲဆန္ဒရှင်များက တာဝန်သိစိတ်ဖြင့် မဲစာရင်းကပ်ထားကြေညာခြင်းကို လာရောက်ကြည့်ရှုစစ်ဆေးခြင်းအားဖြင့် မိမိတို့၏ဆန္ဒမဲပေးခွင့် ဆုံးရှုံးမည်မဟုတ်တော့ပါ။ မဲဆန္ဒရှင်တိုင်း ဆန္ဒမဲပေးပိုင်ခွင့် ရရှိကြပါမည်။ ပြည့်စုံမှန်ကန်သော မဲစာရင်းတစ်ခုပေါ်ထွက်လာမည်။

ယခုကဲ့သို့ပင် နောက်ထပ်တစ်ကြိမ် အောက်တိုဘာလထဲတွင် ၁၄ ရက်တိုင်တိုင် မဲစာရင်း ကပ်ထားကြေညာခြင်းကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက ထပ်မံဆောင်ရွက်ကြပါမည်။ မဲဆန္ဒရှင်များအတွက် နောက်ထပ်အခွင့်အရေးတစ်ရပ် ရှိပါမည်။ ထိုအချိန်တွင်လည်းလာရောက်၍ မဲစာရင်းကို ကြည့်ရှုစစ်ဆေးပေးကြစေလိုပါသည်။ နိုင်ငံရေးပါတီများကလည်း မိမိတို့ပါတီဝင်များ မဲစာရင်းတွင်ပါဝင်ခြင်း ရှိ မရှိကို လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း မိမိတို့၏မဲဆန္ဒရှင်များမဲစာရင်းတွင် ပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း မဲစာရင်းကြည့်ရှုစစ်ဆေးကြစေရေးအတွက် နှိုးဆော်မှု ပြုပေးကြစေလိုကြောင်း ပါဗျာ။

- ❖ မဲဆန္ဒရှင်တိုင်း မဲစာရင်းသွားရောက်ကြည့်ရှုစစ်ဆေးနိုင်ကြပါစေ၊
- ❖ မဲစာရင်းတွင် သတ်မှတ်ပုံစံများဖြင့် တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်လွှာတင်သွင်းခြင်း ပြုနိုင်ကြပါစေ၊
- ❖ ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်ရေး အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ကြပါစေ။

## သရက်မြို့နယ်
## ရပ်ကွက်၊ ကျေးရွာများတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှု

**သရက် ဇူလိုင် ၃၀**

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ မိမိတို့သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ကြေညာထားရာ သရက်မြို့နယ် မွန်းကြီးအုပ်စု(ဖောင်းကအိုင်ကျေးရွာ) အုပ်ချုပ်ရေးမှူးရုံးတွင် လာရောက်ကြည့်ရှုကြသည်။

မဲဆန္ဒရှင်စာရင်းဇယားတွင် မိမိတို့အမည် ပါ မပါ၊ မိဘအမည်မှန် မမှန်၊ အချက်အလက်များမှန်ကန်မှု ရှိ မရှိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် ပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်ရန် နှိုးဆော်ထားသည်။ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင် သရက်မြို့နယ်၌ လျာထားမဲရုံပေါင်း ၁၄၃ရုံ၊ ချင်းတိုင်းရင်းသားမဲရုံ ၂၅ ရုံ၊ မဲဆန္ဒရှင် ရှစ်သောင်းကျော်ခန့်ရှိသည်။

တိုင်းဒေသကြီးအမှတ်(၁)တွင် ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ကျေးရွာပေါင်း ၆၈ ရွာ၊ တိုင်းဒေသကြီး အမှတ်(၂)တွင် ရပ်ကွက်လေး ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကျေးရွာပေါင်း ၉၀၊ သရက်မြို့နယ်တွင် ကျေးရွာအုပ်စုနှင့် ရပ်ကွက်၊ ကျေးရွာ၆၁ အုပ်စုရှိကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးထံမှ သိရသည်။

**ပေါက်ကလေး(သရက်)**

# မကွေးတိုင်းဒေသကြီးအစိုးရ၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များ သတင်းစာရှင်းလင်း

**မကွေး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထတစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲကို ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အောက်ထပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာများ တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းဒေသကြီးအတွင်း စတုတ္ထတစ်နှစ်တာ အပါအဝင် လေးနှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်မီးလင်းရေး စသည့် ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်စုံအချိုးညီစွာ အကောင်အထည် ဖော်ခဲ့ပုံများနှင့် မြို့ပြမှသည် ကျေးရွာများအထိ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက စတုတ္ထတစ်နှစ်တာ ကာလအတွင်း ဌာနများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ဆဲဥပဒေများအရ ရရှိနိုင်သည့် အခွင့်အရေးများ ကာကွယ်ပေးမှုများကို တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အပြည့်အဝ ခံစားခွင့်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက် ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။



မကွေးတိုင်းဒေသကြီးအစိုးရ၏ တစ်နှစ်တာဆောင်ရွက်ချက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**သန်းနိုင်ဦး(ငဖဲ)**

# ကော့သောင်းမြို့နယ် ကျေးရွာအုပ်စုနှစ်စုမှ မြေရိယာ ၁၂၀ ဒသမ ၁၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်

**ခမောက်ကြီး ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာအုပ်စုနှင့် ဘန်းကချွန်ကျေးရွာအုပ်စုရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ပေးအပ်ပွဲကို ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က အမှာစကားပြောကြားသည်။

လယ်ယာမြေဥပဒေအရ တောင်သူလယ်သမားများ၏ အခွင့်အရေးတစ်ရပ်ဖြစ်သော လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို ကိုယ်တိုင် တက်ရောက်ပေးအပ်ခွင့်ရ၍ များစွာဝမ်းမြောက်ကြောင်း၊ ကော့သောင်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ကိုင်နေကြသော ကျေးရွာအုပ်စုနှစ်စုမှ တောင်သူလယ်သမား ၁၂ ဦးနှင့် ဦးပိုင်အုပ်စုမှ ၁၄ ဦးတို့၏ မြေရိယာ ၁၂၀ ဒသမ ၁၆ ဧကအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူများ လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) ရရှိရေးနှင့် (ပုံစံ-၇)ရရှိသော လယ်ယာမြေများကို လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းနှင့် အမွေဆက်ခံခြင်းတို့ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့နောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဦးမြင့်ဆန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးအောင်သူရနှင့် လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်တို့က တောင်သူများကိုယ်စား ကိုယ်စားလှယ်များထံ ပေးအပ်သည်။ (ပုံစံ-၇)များ ပေးအပ်ပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခမောက်ကြီးမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဖောင်ဆိပ်တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လမြိုင်မြို့ ရေပေးဝေရေးဆောင်ရွက်မှု အခြေအနေများအားရှင်းလင်း

**မော်လမြိုင် ဇူလိုင် ၃၀**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရေပေးဝေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းပွဲကို မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ဟင်္သာခန်းမ၌ ယမန်နေ့က ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းပွဲတွင် ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်က အတ္တရံမြစ် ရေသန့်စီမံကိန်းနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ တွဲဖက်ညွှန်ကြားရေးမှူး ဦးတင်ကိုကိုက မော်လမြိုင်မြို့ ရေပေးဝေမှုအခြေအနေနှင့် အတ္တရံမြစ် ရေသန့်စက်ရုံတည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြသည်။

အတ္တရံမြစ် ရေသန့်စက်ရုံတည်ဆောက်ရေး စီမံကိန်းသည် အတ္တရံ(၂)မြစ်ရေတင်စက်ရုံဝင်းအတွင်း တည်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က စီမံဆောင်ရွက်လျက်ရှိကာ ယခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် စီမံကိန်းပြီးစီးမည်ဖြစ်ကြောင်းနှင့် ပြီးစီးပါက ရပ်ကွက် ၁၄ ခုမှ လူဦးရေ ၁၅၅၀၀၀ ကျော်အတွက် သန့်ရှင်းသောသောက်သုံးရေကို ၂၄ နာရီ ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မုံရွာမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုံရွာ ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများက ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးနေသော Agriculture Income Improvement Project(AIIP) စီမံကိန်း ဧရိယာအတွင်းရှိ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများအတွက် စတုတ္ထအကြိမ်မြောက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းသို့ သွားရောက်ပြီး သင်တန်းသားများနှင့် တွေ့ဆုံကာ သင်တန်းတက်ရောက်လာသည့် စိုက်ပျိုးပညာပေးဝန်ထမ်းများအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်အားထက်သန်စွာလုပ်ကိုင် ဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သင်တန်း တက်ရောက်နေသော မြို့နယ်ငါးခုမှ သင်တန်းသား သင်တန်းသူ ၇၅ ဦးအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းကို တာဝန်ရှိသူထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီးစိုက်ပျိုးရေးဓာတ်ခွဲခန်းရုံးသို့ သွားရောက်ပြီး သီးနှံကာကွယ်ရေးဓာတ်ခွဲခန်း၊ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းနှင့် မြေအသုံးချရေးဓာတ်ခွဲခန်းတို့တွင် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီးနောက် မုံရွာမြို့နယ် ဇလုပ်စိုက်ပျိုးသုတေသနခြံသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏ အထွေထွေ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ယင်းနောက် မုံရွာမြို့ ကန်သာယာကန် အနောက်ဘက်ခြမ်း လှပသာယာရေးအတွက် အသစ်ဆောင်ရွက်လျက်ရှိသည့် လေညင်းခံလျှောက်လမ်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် စိုက်ပျိုးရေးဓာတ်ခွဲခန်း၌ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**ထွန်းကိုကို(ယင်းမာပင်)**

# ကယားပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးပြုလုပ်

**လွိုင်ကော် ဇူလိုင် ၃၀**

ကယားပြည်နယ်အတွင်း လယ်ယာမြေ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းများအား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဖြစ်စေရေးအတွက် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၀) နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့နှင့် ပြည်နယ်မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း လယ်ယာမြေစီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဆောင်ရွက်ခဲ့သည့် အမှုတွဲနှင့် ဆောင်ရွက်ဆဲ အမှုတွဲများအကြောင်း၊ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်များနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လျှောက်ထားမှုနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများ၊ ဌာနများမှ တာဝန်ရှိသူများအနေနှင့် မိမိတို့ လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် အခက်အခဲများ၊ ဖြည့်ဆည်းပေးရန်များရှိပါက တင်ပြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက အမှုတွဲများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ခေတ္တအတွင်းရေးမှူးနှင့် ပြည်နယ်/ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

**အောင်ထွန်းလေး(ပြန်/ဆက်)**

# ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ အစည်းအဝေးပြုလုပ်

**တောင်ကြီး ဇူလိုင် ၃၀**

ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၀) နှင့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီ အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၀)ကို တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး ယခင်ပြုလုပ်ခဲ့သော အစည်းအဝေးများမှ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆန်းဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၀) တင်ပြချက်များနှင့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၄/၂၀၂၀) တင်ပြချက်များကို တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ်(၇)၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မခင်လင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်စည်သူသိန်း ၃/ဘအန(နိုင်)၀၂၈၃၃၂ ဖြစ်ပါကြောင်း။

**ဦးကျော်စည်သူသိန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကလွီကျေးရွာအုပ်စု၊ အကွက်အမှတ် (၇) နေ ဦးသန်းလှ၏သား မောင်မင်းမြတ် ၁၀/ခဆန(နိုင်)၀၅၉၆၉၃ နှင့် ဦးမင်းမြတ်နိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တနသ်ာရီမြို့နယ်၊ အထက(တနသ်ာရီ)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်လင်းထက်ဦး၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရဦးလှစန် ၆/တသရ(နိုင်)၀၂၃၃၀၅ ဖြစ်ပါကြောင်း။ **ဦးလှစန်**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊မေတ္တာမြို့၊ အထက(မေတ္တာ) တက္ကသိုလ်ဝင်တန်းမှ နော်အယ်မေနိုင်း၏ ဖခင်အမည်မှန်မှာ စောအယ်ဘော ၆/မတန(နိုင်)၀၀၅၄၃၉ ဖြစ်ပါကြောင်း။

**စောအယ်ဘော**

## မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ မေတ္တာမြို့၊ ဟိန္ဒားကျေးရွာအုပ်စု၊ အမက (ကြက်ပေါင်ချောင်း)စတုတ္ထတန်းမှ မမိုးသက်ခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းအေးမြ ၆/ထဝန(နိုင်)၀၅၂၀၀၉ ဖြစ်ပါကြောင်း။

**ဒေါ်နန်းအေးမြ**

## မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ မေတ္တာမြို့၊ ဟိန္ဒားကျေးရွာအုပ်စု၊ ကြက်ပေါင်ချောင်းကျေးရွာနေ မပန်းဖြူနှင့် မောင်ပြည့်ဖြိုးစံတို့၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းခိုင် ၆/ထဝန(နိုင်)၀၆၂၈၈၇ ဖြစ်ပါကြောင်း။ **ဒေါ်သိန်းခိုင်**

## မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ မေတ္တာမြို့၊ ကြက်ပေါင်ချောင်းကျေးရွာနေ၊ ထားဝယ်မြို့၊ ပခုက္ကူ(ဘ-က)ပရဟိတအလယ်ကျောင်း ဆဋ္ဌမတန်းမှ မောင်ဝေယံ၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းခိုင် ၆/ထဝန(နိုင်)၀၆၂၈၈၇ ဖြစ်ပါကြောင်း။ **ဒေါ်သိန်းခိုင်**

## အမည်မှန်

တနသ်ာရီမြို့နယ်၊ မောတောင်မြို့၊ အထက(ခွဲ)မောတောင်ကျောင်း၊ အဋ္ဌမတန်းမှ(ဘ)ဦးမြင့်ဌွေး၏သမီး မထက်ဦးဝေ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မဆောင်းနီတာဖြစ်ပါကြောင်း။ **မဆောင်းနီတာ**

## လေလံတင်ရောင်းချရန် ကြော်ငြာ

တောင်ငူမြို့နယ်၊စည်ပင်သာယာရေးအဖွဲ့ပိုင်အခွင့်အရေးလိုင်စင်(၇၂)ခုအနက် အပေါင်ဆိုင်လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ သားသတ်လိုင်စင်များအား အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်လည်းကောင်း၊ ဈေးကောက်လိုင်စင်များ၊ ကူးတို့လိုင်စင်များနှင့်အခြားလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ပါအစီအစဉ်အတိုင်း လေလံရောင်းချသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက- ဖုန်း-၀၅၄-၂၃၀၅၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၁၉-၈-၂၀၂၀ရက် |
| အချိန် | - | နံနက် ၁၀နာရီ |
| နေရာ | - | တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၊ တောင်ငူမြို့ |

**တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေး လိုင်စင်များရောင်းချခြင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (၁-၁၀-၂၀၂၀ မှ ၃၀-၉-၂၀၂၁ ရက်နေ့အထိ)အတွက် အခွင့်အရေး လိုင်စင်များအား (၂၁-၈-၂၀၂၀)ရက်တွင် ပထမအကြိမ်၊ (၂၆-၈-၂၀၂၀) ရက်တွင် ဒုတိယအကြိမ်၊ (၂-၉-၂၀၂၀)ရက်တွင် တတိယအကြိမ်၊ (၈-၉-၂၀၂၀)ရက်တွင် ချိပ်ပိတ်တင်ဒါ၊ (၁၄-၉-၂၀၂၀)ရက်တွင် အခြားနည်းများဖြင့် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ နံနက် ၁၀နာရီတွင် အညီအမျှခွဲဝေချထားပေးသည့်စနစ်၊ သက်တမ်းတိုး စနစ်/ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ လေလံစည်းကမ်းညွှန်ကြားချက်များနှင့် ညီညွတ်သော မြန်မာနိုင်ငံသားမည်သူမဆို လေလံဆွဲဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးဖုန်း-၀၅၄-၄၀၀၂၇သို့ စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **လေလံရောင်းချရေးအဖွဲ့**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်၊ အမှတ် (၇/၈)တွင် တည် ဆောက်ထားသည့် The Central, Tower (1), Unit (J), Level (7) အကျယ်အဝန်း (၁၂၈၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား သက်ဆိုင်ရာကုမ္ပဏီထံ၌ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးလှရှိန် ၁၀/မလမ(နိုင်)၁၁၁၂၈၅ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၉/၂၀၁၇) အရ ကိုယ်စားလှယ်ရရှိသူ ဦးဝင်းလွင်ရှိန် ၁၀/မလမ(နိုင်)၂၃၃၄၅၃မှ ဖခင်၏ ကိုယ်စားလက်မှတ်ရေးထိုးရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ညိုမြာ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**
**အမှတ် (13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကလိုင်ကျေးရွာနေ (ဘ)ဦးဝင်းမြင့်၏ သား အမည်မှန်မှာ ဦးတိုးဝေထက် ၇/သနပ(နိုင်)၀၈၈၆၄၀ဖြစ်ပါကြောင်း။

**ဦးတိုးဝေထက်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၇-၂၀၂၀ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၅)ပါ အများသိစေရန် ကြော်ငြာခြင်း ကြော်ငြာတွင် အလအ (၂) ကျောင်းရှေ့အစား အလက (၁) မြို့မကျောင်းရှေ့ ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၇-၂၀၂၀ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄) ရခိုင်ပြည်နယ်အစိုးရအဖွဲ့(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာအား အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်

| စဉ် | မြို့နယ် | လုပ်ငန်းအမည် | ပိုက်ပစ္စည်း အမျိုးအစား | အရေအတွက် (လုံး) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဂွမြို့နယ် | ကွင်းလျှားရှည်မှ ဂွမြို့နယ်သို့ Transmission Pipe Line သွယ်တန်းခြင်းလုပ်ငန်း | 12" Ø UPVC | 81 | |
| | | | 12" Ø M.S Pipe | 2 | |
| | | | 10" Ø 13.5 UPVC | 171 | |
| | | | 10" Ø M.S Pipe | 3 | |
| | | | 8" Ø 13.5 UPVC | 660 | |
| | | | 8" Ø M.S Pipe | 3 | |

## ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် မီးသွေးအိတ်များ ရောင်းချရန်လေလံကြော်ငြာ

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့ နယ်နှင့် ကွတ်ခိုင်မြို့နယ်တို့အတွင်း ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင် မီးသွေးအိတ်များအား မူဆယ်ခရိုင်ရုံး သစ်တောဦးစီးဌာန၊ မူဆယ်မြို့ (ချယ်ရီခန်းမ)၌ (၁၀-၈-၂၀၂၀)ရက် နံနက် ၁၀ နာရီတွင် မျက်မြင်အခြေအနေတိုင်း COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(က) မူဆယ်မြို့နယ်၊ မီးသွေးအိတ် (၂၈၀)အိတ် (၂၉.၈၆၆၇)တန်
(ခ) နမ့်ခမ်းမြို့နယ်၊ မီးသွေးအိတ်(၃၁၀)အိတ် (၄၁.၁၁၀၀)တန်
(ဂ) ကွတ်ခိုင်မြို့နယ်၊ မီးသွေးအိတ်(၁၉၁၈)အိတ်(၂၉၃.၂၇၃၃)တန်

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်ဦးစီးအရာရှိရုံးတို့တွင် (၄-၈-၂၀၂၀)ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၁၅၉၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ**

## ဖခင် အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက နန်းမား တက္ကသိုလ်ဝင်တန်းမှ မောင်ပေါလုမုန်ရာ၊ အလက(ခွဲ) မြို့ မရန်အောင် အဋ္ဌမတန်းမှ မမေရီကော့နန် ပဥ္စမတန်းမှ မောင်ဒေးဗစ်ဇိုင်းနော်ဒီးတို့၏ ဖခင်အမည်မှန်မှာ ဦးအင်ကောင်းအောင် ၁/မညန(နိုင်)၀၉၅၇၂၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ ဒေါ်ခင်ညို ၉/ပမန(နိုင်)၀၃၁၄၅၆၊ (ဘ)ဦးကျော် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၁၅၅၇)၊ မြေရေိယာ ၀ဒသမ၀၅၅ဧကကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၃၀၈/၈-၁၀-၂၀၁၉)ဖြင့် အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်မြင့်မြင့်ဌွေး ၁၂/တမန(နိုင်)၀၀၆၀၉၉၊ (ဘ)ဦးမြင့်(ခ)ဦးတင်ရွှေမှ ဦးကျော်မင်းသူ ၁၂/သဃက(နိုင်)၁၇၀၆၃၅၊ ဒေါ်သဉ္ဇာသိန်း ၁၂/သဃက(နိုင်)၁၆၁၃၇၇ တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မြေရေိယာ ၀ဒသမ၁၅၈ ဧက၊ မြေကွက်အမှတ်(ပ-၁၃၃၁)၊ ဒေါက်တာမြမ္ဘူ ၁၂/မရက(နိုင်)၀၅၇၀၃၇ (ဘ)ဦးကိုကြီး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်အေးမို့မို့ဝင်း ၁၂/အစန(နိုင်)၂၀၉၄၃၇ (ဘ)ဦးဝင်းတင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၀၀/၂၈-၁၁-၂၀၁၈ တင်ပြ၍ ဦးကျော်ဇင်ထိုက် ၁၄/ပသန(နိုင်)၁၇၈၃၃၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/မြို့မအနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ်(ပ-၃၀၄၈၉)၊ဒေါ်လှလှမြင့် ၉/ပမန(နိုင်)၀၄၅၀၀၄ (ဘ)ဦးအောင်မြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်အေးမို့မို့ဝင်း ၁၂/အစန(နိုင်)၂၀၉၄၃၇ (ဘ)ဦးဝင်းတင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၈၇/၂၆-၁၀-၂၀၁၈ တင်ပြ၍ ဦးကျော်ဇင်ထိုက် ၁၄/ပသန(နိုင်)၁၇၈၃၃၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/6669 ယာဉ်လက်ဝယ်ရှိသူ Lucky Jade World Gems Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်)**

## မိဘအမည်မှန်

ဖားကန့်မြို့နယ် ဟောင်ပါးအုပ်စု အလက ရွှေတောင်ကျော်ကျောင်း အဋ္ဌမတန်းမှ မောင်သက်ဇော်၏ မိဘအမည်မှန်မှာ ဦးအောင်ဇော် ၁/ကမန(နိုင်)၀၁၄၄၃၉ - ဒေါ်ဌွေးဌွေးမြင့်၁/ကမန(နိုင်)၀၁၅၀၆၁ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ဖားကန့်မြို့နယ် ဟောင်ပါးအုပ်စု အလက ရွှေတောင်ကျော်ချောင်း စတုတ္ထတန်းမှ မောင်သက်နိုင်၏ မိဘအမည်မှန်မှာ ဦးအောင်ဇော် ၁/ကမန(နိုင်)၀၁၄၄၃၉ - ဒေါ်ဌွေးဌွေးမြင့် ၁/ကမန(နိုင်)၀၁၅၀၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ် ဟောင်ပါးအုပ်စု အလက ရွှေတောင်ကျော်ကျောင်း အဋ္ဌမတန်းမှ မစံပယ်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးလွင် ၁/ကမန(နိုင်)၀၂၇၇၄၀ ဖြစ်ပါကြောင်း။

**ဦးလှမျိုးလွင်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ် မုန်တောင်အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိန္ဒြာနွယ်၏ ဖခင်အမည်မှန်မှာ ဦးဇင်မျိုးထက် ၈/မဘန(နိုင်) ၁၀၀၀၂၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၈၈၅)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးမြင့်အောင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်သူ (ဘ)ဦးမြသောင်း ၉/လဝန(နိုင်)၁၈၃၀၆၆ မှ မြေပေးမိန့်နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ် ဒက္ခိဏခရိုင်တရားရုံးကျမ်းကျိန်လွှာအမှတ် ၁၅၉၇/၂၀၂၀ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံရေးစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/မြွေရိုးကြီးရပ်)၊ ဦးပိုင်အမှတ်(၁၆)၊ မြေရေိယာ (၀ဒသမ ၃၆၇)ဧကရှိ ဦးကျော်ဦး(ဘ)ဦးညီရွှင် ၉/လဝန(နိုင်)၀၀၇၂၈၅ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်ဦးမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၂/၁၉၉၅)မူရင်းတင်ပြ၍ မြေရေိယာ (၀ဒသမ၃၆၇) ဧကရှိသည့်အနက် ၀ဒသမ ၀၇၅ဧကအား ဒေါ်နွဲ့ ၉/လဝန(နိုင်)၀၆၉၉၄၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/2567 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊(နေပြည်တော်)**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သူ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်၊ ဗိုလ်ဗထူးလမ်း၊ ကန်ဖျားဈေးအနီးနေသူ ဒေါ်အင်ရီ(ဘ)ဦးကျော်သင် ၆/မအရ(နိုင်)၀၁၀၀၂၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်။

ကျွန်ုပ်၏အမှုသည် ဒေါ်အင်ရီသည် မြိတ်ခရိုင်၊ မြိတ်မြို့၊ ရပ်ကွက် အမှတ် (၅)၊ ကန်ဖျား၊ ကွင်းအမှတ် ၆(က)၊ ကန်ဖျားတောင်၊ ဦးပိုင်အမှတ် ၁၉^ခ၊ ဧရိယာ ၀ ဒသမ ၁၃၃ဧကရှိ မြေကွက်ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လာသူဖြစ်ပါသည်။ ဒေါ်အင်ရီမှ လက်ရှိထားပိုင်ဆိုင်ကြောင်းကို တရားရုံးတော်အဆင့်ဆင့်မှ အတည်ပြုဆုံးဖြတ်ထားခဲ့ပြီးဖြစ်သည်။ ယခုအခါ ကျွန်ုပ်၏အမှုသည် ဒေါ်အင်ရီအမည်ဖြင့် အထက်ပါမြေကွက်ကို အခြားတစ်ပါးသူများထံသို့ တရားဝင်မှတ်ပုံတင်ကာ လွှဲပြောင်းရောင်းချမည်ဖြစ်သဖြင့် အထက်ပါမြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများပြသကာ ယခုကြေညာချက်ထုတ်ဆင့်သည့်ရက်မှ (၁၀) ရက်အတွင်း ၉-၈-၂၀၂၀ရက် နောက်ဆုံးထား၍ တရားဝင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ကန့်ကွက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အင်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းသီဟဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၆၂၉၀ (၅-၁၂-၂၀၁၉)**
**ကန်ဖျားလမ်းမကြီး၊ ဘုရားကိုးဆူရပ်၊ မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ ဒိုင်းဝန်ကွင်းရပ်၊ အောင်သိပ္ပံ(၂)လမ်း၊ အမှတ်(၂/အေ)နေ (ဘ)ဦးအောင်မြင့်၏သမီး ဒေါ်ခင်သန်းဝေ ၁၀/မလမ(နိုင်) ၁၂၁၃၇၄နှင့် ဦးကျော်စိုး(ဘ)ဦးတင် ၁၀/မလမ(နိုင်)၀၁၁၂၂၈တို့မှ လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော်မှစ၍ လက်ထပ်ပေါင်းသင်းပြီးနောက် ယနေ့အချိန်ထိ ဥစ္စာပစ္စည်းများအား နှစ်ဦးသာရှာဖွေစုဆောင်းခဲ့ရာကျိုက်ထိုမြို့တွင် ခြံမြေ(၂)ကွက်၊ မော်ဘီမြို့တွင် ခြံမြေ (၃)ကွက်၊ ရန်ကုန်မြို့တွင် တိုက်ခန်း(၃)ခန်း၊ တိုယိုတာဖင်ကောက်ကား(၄)စီး၊ KLUGER ကား (၁)စီး၊ အိုင်ကြီးဆိုင်ကယ်(၁)စီးတို့ဖြစ်ထွန်းခဲ့ပါသည်။ အထက်ပါလက်ထက်ပွားပစ္စည်းများအား ဒေါ်ခင်သန်းဝေ၏ သဘောတူညီမှုမရှိဘဲ ဦးကျော်စိုးတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ စွန့်လွှတ်ခြင်းများအား ဒေါ်ခင်သန်းဝေမှ ခွင့်မပြုနိုင်ကြောင်း ဒေါ်ခင်သန်းဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ**
